မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၉)

နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်

ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဦးအောင်ဇေယျဘုရင်မင်းမြတ်တို့ တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်း အမွေကိုခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် တပ်မတော်နေ့ မိန့်ခွန်းမှ-

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိန့်ခွန်းမြွက်ကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းမြွက်ကြားစဉ်။ **(သတင်းစဉ်)**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ် အကောင်အထည်ဖော် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်ရေး အားသွန်ခွန်စိုက်ကြိုးပမ်း

ရန်ကုန် မတ် ၂၇

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့်မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ရဲဘော်တို့-

ဒီနေ့ဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးရဲ့ ဇာတိသွေးဇာတိမာန်ကို သမိုင်းမှတ်တမ်းတင်ခဲ့တဲ့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ဖြစ်တယ်။ ဒို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူတွေကိုယ်တိုင် တက်တက်ကြွကြွပါဝင်ပြီး ဖွဲ့စည်းခဲ့တဲ့ မျိုးချစ်တပ်မတော်ကြီးဖြစ်တယ်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

နိုင်ငံတော်ပွဲ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၂၈ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူနှင့်တပ်မတော် လက်တွဲတည်ဆောက် နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်

တပ်မတော်သည် နိုင်ငံတော်၏ သမိုင်းပေးသင်ခန်းစာများမှ ရရှိလာသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ရမည့် မူဝါဒအဖြစ်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်လည်းကောင်း ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးဟူသည့် ရည်မှန်းချက်ပန်းတိုင်သို့ ဆက်လက်ချီတက်လျက်ရှိသည်။

၂၀၀၅ခုနှစ် မတ်လ ၂၇ရက်နေ့က နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံတွင် ကျင်းပရာ စစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး မိန့်ခွန်းမြွက်ကြားရာ၌ –

“နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိ ရှိသေတဲ့ တပ်မတော်ဟာ နိုင်ငံတော်အကျိုးကို စိတ်ကောင်းစေတနာကောင်းနဲ့ သယ်ပိုးထမ်းရွက်နေတာပဲဖြစ်တယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်နေကြတာကြောင့် နိုင်ငံတော်ဟာ ယနေ့ကာလမှာ ကန့်သတ်ပိတ်ပင် ထိုးနှက်မှုပေါင်းစုံအကြားကပင်လျှင် တိုးတက်မှုကို ရရှိနေကြပြီဖြစ်တယ်”

ဟူ၍ မြွက်ကြားသွားသည်။

ယနေ့မျက်မှောက်ကာလတွင် ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့သည် နိုင်ငံငယ်တစ်နိုင်ငံကို ကျူးကျော် သိမ်းပိုက်မှု ပုံစံမျိုးမဟုတ်ဘဲ ထိုနိုင်ငံငယ်ကို နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးတစ်ရပ်ရပ်တွင် ဝါးမျိုပြီး ကိုယ်ကျိုးရှာလာကြသည်။ နိုင်ငံတိုင်းကလည်း မိမိနိုင်ငံ၏ အကျိုးစီးပွားအတွက် အလုအယက်ရှေ့တန်းတင်လုပ်ဆောင်နေကြသည့်ပုံစံမျိုး ဆောင်ရွက်လာကြသည်။

ထိုအချိန်ကာလမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်းရှိ မိမိပြည်တွင်းစွမ်းအားများကို ရယူ၍ ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ပေသည်။ ကဏ္ဍတိုင်းတွင် သူတစ်ပါးအပေါ် အမှီအခိုကင်းကင်းဖြင့် ပြည်တွင်းပြည့်စုံဖူလုံရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့မှတစ်ဆင့် စီးပွားရေးစွမ်းအားတောင့်တင်းပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်စေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ယင်းသို့အားထုတ်ကြိုးပမ်းကြရာ၌ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆည်တမံများကို လိုအပ်သည့်နေရာတိုင်းတွင် အစုအဖွဲ့အလိုက် တည်ဆောက်ပေးလျက်ရှိကြသည်။ တစ်ဆက်တည်းမှာပင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဇုန်များ တည်ဆောက်ပေးနေသကဲ့သို့ စက်မှုနိုင်ငံဖြစ်ထွန်းစေရန် လိုအပ်လျက်ရှိသော လျှပ်စစ်နှင့်လောင်စာစွမ်းအင်တိုးတက်ထုတ်လုပ်ရေးကိုလည်း အားကြိုးမာန်တက် လုပ်ဆောင်ကြရမည် ဖြစ်သည်။

လူမှုရေးကဏ္ဍတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး တို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကျင့်သုံးဖော်ဆောင်ရာတွင် ပညာရည်မြင့်မားမှသာ စည်းကမ်းပြည့်ဝသည့်အပြင် အမှန်နှင့်အမှားကို ပြတ်ပြတ်သားသားခွဲခြားသိမြင် နိုင်မည်ဖြစ်သည်။ အလားတူပင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှသာ ပြည်ပ၏ ဘက်စုံထိုးနှက်ချက် များကို တွန်းလှန် ဖယ်ရှားနိုင်မည် ဖြစ်ပေသည်။

သို့မှသာ နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နေနိုင်ပြီး ကန့်သတ်ပိတ်ပင် ထိုးနှက် စွက်ဖက်မှုများကို ကြံ့ကြံ့ခိုင်ကျော်လွှားနိုင်ကာ တိုးတက်မှုများရရှိလာမည်မှာ မလွဲဧကန်ဖြစ်ပေသည်။ မျက်မှောက်ကာလတွင် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်နိုင်ခြင်းသည် ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ကြ၍ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကို တပ်မတော်နှင့်ပြည်သူ လက်တွဲတည်ဆောက်ခဲ့ကြသည့်နည်းတူ ဖွံ့ဖြိုး တိုးတက်မှုနှင့် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တစ်ရပ် အစဉ်ထာဝရ တည်ရှိနေရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အဓိဋ္ဌာန်

“နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ်အန္တရာယ် မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲ ချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက် ချီတက်မည်ဟု အဓိဋ္ဌာန်ပြုပါ၏။”

တရုတ် မြို့ကြီးခြောက်မြို့သို့ မလေးရှားအဲအေးရှပျံသန်းမည်

ကွာလာလမ်ပူ မတ် ၂၅

မလေးရှားနိုင်ငံ၏ အဲအေးရှလေကြောင်းလိုင်းသည် တရုတ်နိုင်ငံရှိ မြို့ခြောက်မြို့သို့ ပျံသန်းခွင့်ရရှိထားကြောင်း အမှုဆောင်အရာရှိချုပ် ကိုနီဖာနန်ဒက်စ်က ကြာသပတေးနေ့၌ ပြောကြားသည်။

၎င်းက စီးမင်းသည် အဲအေးရှ ပျံသန်းပေးမည့် တရုတ်နိုင်ငံအရှေ့တောင်ပိုင်းရှိ မြို့တစ်မြို့ဖြစ်ကြောင်းပြောကြား သော်လည်း အခြားမြို့များကိုမူ ဖော်ပြခြင်းမရှိဟု ဆိုသည်။

အဲအေးရှသည် ရှေ့လထဲ၌ ဗန်ကောက်–စီးမင်းခရီးစဉ်ကို စတင်ပျံသန်းမည်ဖြစ်ကာ ၁၂လအတွင်း အခြားခရီးစဉ်ငါးခုကို စတင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် အဲအေးရှသည် လာအို၊ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့လည်းပျံသန်းခွင့်ရရှိထားပြီး တစ်နှစ်အတွင်း ထိုခရီးစဉ်များကို စတင်ပျံသန်းမည်ဖြစ်သည်။

အဲဘတ်စ် လေယာဉ်အစင်း ၄၀ ဝယ်ရန် မှာထားကြောင်း၊ ၆၀အထိ တိုးချဲ့ရန် စီစဉ်ထားကြောင်း ၎င်းက အတည်ပြုပြောကြားသည်။

အဲအေးရှသည် လက်ရှိ၌ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မကာအိုတို့သို့ ပျံသန်းလျက်ရှိသည်။ **(အင်တာနက်)**

မြဝတီရုပ်မြင်သံကြား

၂၈–၃–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ **“မမှောင်သောအလင်း”** (အပိုင်း–၉)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အမြှားနဲ့ကြမ္မာ”** (အပိုင်း–၆)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်နှာဖုံးလူနှင့်ရွှေမင်းသမီး”** (အပိုင်း–၁၃)

မလေးရှားနှင့် အင်ဒိုနီးရှားမှ လွင့်မျောလာသောမီးခိုးများ စင်ကာပူနိုင်ငံ၏ကောင်းကင်ယံကို မှုန်ဝါးဝါးဖြစ်စေခဲ့

စင်ကာပူ မတ် ၂၅

အိမ်နီးချင်း မလေးရှားနှင့် အင်ဒိုနီးရှားမှနေ၍ လွင့်မျောလာသော မီးခိုးများကြောင့် စင်ကာပူနိုင်ငံတွင် ကောင်းကင်ပြင်၌ ကြာသပတေးနေ့က မီးခိုးများဖြင့် မှုန်ဝါးဝါးဖြစ်ခဲ့ရသည်ဟု ပတ်ဝန်းကျင်အေဂျင်စီက ပြောကြားသည်။

ဒေသအတွင်း ကာလရှည်ကြာစွာ ခြောက်သွေ့ခဲ့ပြီးနောက် စင်ကာပူ နိုင်ငံတွင် တောမီးများ လောင်ကျွမ်းခြင်းကြောင့်လည်း ကောင်းကင်ယံ၌ မီးခိုးများဖြင့် မှုန်ဝါးဝါးဖြစ်ခဲ့ကြောင်း အမျိုးသားပတ်ဝန်းကျင် အေဂျင်စီ(အင်အီးအေ)၏ ကြေညာချက်၌ ဖော်ပြထားသည်။

လာမည့် ရက်အနည်းငယ်တွင် ကောင်းကင်ယံ၌ မီးခိုးများဖြင့် မှုန်ဝါးဝါးဖြစ်မြဲရှိမည်ဟု မျှော်လင့်ရကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ သို့ရာတွင် လေထုအရည်အသွေးသည် ကျန်းမာရေးထိခိုက်လောက်သည့် အဆင့်နိမ့်ကျဖွယ်မရှိဟု ဆိုသည်။

ကြာသပတေးနေ့ နံနက် ၁၀ နာရီ၌ ဖတ်သည့်လေထုညစ်ညမ်းမှုအဆင့် အညွှန်းကိန်း(ပီအက်စ်အိုင်)သည် ၆၅ရှိရာ အဓိကအညွှန်းကိန်း ၁၀၀သို့ရောက်ရန် နီးကပ်သည်ဟု ဆိုသည်။ ထိုအညွှန်းကိန်း ၁၀၀ထက်ကျော်လျှင် ကျန်းမာရေးအတွက် အန္တရာယ်ရှိကြောင်း သတ်မှတ်ထားသည်။ **(အင်တာနက်)**

ဘီဘီစီဝန်ထမ်း၁၉ရာခိုင်နှုန်း လျှော့ချမည်ဟုကြေညာ

လန်ဒန် မတ် ၂၅

ဘီဘီစီသည် ဒေသဆိုင်ရာနှင့် သတင်းထုတ်လွှင့်ခြင်း လုပ်ငန်းများမှ အရေအတွက်အများအပြားအပါအဝင် နောက်ထပ်အလုပ်အကိုင်၂၀၅၀လျှော့ချမည်ဖြစ်ရာ စုစုပေါင်း ဝန်ထမ်း ၁၉ ရာခိုင်နှုန်း လျှော့သွားမည်ဖြစ်ကြောင်း တနင်္လာနေ့က ကြေညာသည်။

အဆိုပါ နောက်ဆုံး အလုပ်အကိုင် လျှော့ချမှုသည် အစီအစဉ်သစ်များ တီထွင်ရန်အသုံးပြုနိုင်မည့်ပေါင် ၂၂၁ သန်း(အမေရိကန်ဒေါ်လာ၄၂၀၅သန်း)ကို ချွေတာရာ ရောက်မည်ဟု မျှော်လင့်ရကြောင်း ဘီဘီစီ ညွှန်ကြားရေးမှူးချုပ် မတ်သွန်ဆင်က ပြောသည်။

အမ်အင်အေ၊ရိုက်တာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရာ ဇေယျာသီရိဗိမာန်သို့ ည ၇ နာရီတွင် ရောက်ရှိလာကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီး များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် စစ်ဘက် ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေတို့နှင့်အတူ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက် လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော် များအား နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတက်ရောက်

အဆိုပါ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်း များဖြင့် လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှစ်(၆၀)ပြည့်တပ်မတော်နေ့စစ်ရေးပြဆု၊ တပ်ခွဲအလိုက်ဆုနှင့် အကောင်းဆုံးစစ်ကြောင်းဆုများ ချီးမြှင့်

ရန်ကုန် မတ် ၂၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြဆုရရှိကြသည့် စစ်ကြောင်းများမှ တပ်ခွဲအလိုက် ဆုချီးမြှင့်ပွဲနှင့် အကောင်းဆုံးစစ်ကြောင်းဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြို့မကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတို့ တက်ရောက်၍ ဆုများချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြဆုရရှိကြသည့် စစ်ကြောင်းများမှ တပ်ခွဲအလိုက် ဆုချီးမြှင့်ပွဲနှင့် အကောင်းဆုံးစစ်ကြောင်းဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် အကောင်းဆုံးစစ်ကြောင်းဆုရ ကျန်စစ်သားစစ်ကြောင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ အကောင်းဆုံး စစ်ရေးပြတပ်ခွဲ နိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဗဟိုစစ်တီးဝိုင်း ဂုဏ်ပြုဆုရ ဗဟိုစစ်တီးဝိုင်းအဖွဲ့နှင့် စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် ပထမဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲ(၂)တို့အား လည်းကောင်း၊ စစ်ရေးပြ အထူးဆု(၅)ရ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၄)ရ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ အထူးဆု(၃)ရ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် အထူးဆု (၁)ရ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း၊ စစ်ရေးပြ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲ၊ ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲနှင့် ပထမဆုရ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက စစ်တီးဝိုင်း တတိယဆုရ နဝဒေးစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ ဒုတိယဆုရ ကျန်စစ်သားစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့နှင့် ပထမဆုရ ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့အား လည်းကောင်း၊ အလံကိုင်အဖွဲ့ တတိယဆုရ ကျန်စစ်သားစစ်ကြောင်း အလံကိုင်အဖွဲ့၊ ဒုတိယဆုရ အနော်ရထာစစ်ကြောင်း အလံကိုင်အဖွဲ့နှင့် ပထမဆုရ ဆင်ဖြူရှင်စစ်ကြောင်း အလံကိုင်အဖွဲ့တို့အား လည်းကောင်း၊ စစ်ချီသီချင်း အထူးဆု(၅)ရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၄)ရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ အထူးဆု(၃)ရ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် အထူးဆု(၁)ရ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း၊ စစ်ချီသီချင်း တတိယဆုရ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲနှင့် ပထမဆုရ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲတို့အား လည်းကောင်း၊ စံပြ တတိယဆုရ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲ၊ စံပြ ဒုတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲ(၁)နှင့် စံပြ ပထမဆုရ သံချပ်ကာတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲတို့အားလည်းကောင်း၊ အကောင်းဆုံး စစ်ကြောင်းဆုရ ကျန်စစ်သားစစ်ကြောင်းအား လည်းကောင်း ဆုများ ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြဆုရရှိကြသည့် စစ်ကြောင်းများမှ တပ်ခွဲအလိုက် ဆုချီးမြှင့်ပွဲနှင့် အကောင်းဆုံးစစ်ကြောင်းဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် စစ်ချီသီချင်း ပထမဆုရ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရွေးချယ်ဆုချီးမြှင့်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင် စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင် စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့်အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာကိုးဖွဲ့နှင့် လေအိတ်ပလွေအဖွဲ့ ဂုဏ်ပြုဆုကို လေအိတ်ပလွေအဖွဲ့အားလည်းကောင်း၊ အောင်ဆန်းစစ်ကြောင်း စံပြ တတိယဆုရ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စံပြဒုတိယဆုရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ(၁)နှင့် စံပြ ပထမဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အောင်ဆန်းစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲတို့အား လည်းကောင်း၊ စစ်စည်းကမ်း အထူးဆုများရရှိကြသော အထူးဆု(၅)ရ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၄)ရ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၃)ရ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးဆု(၂)ရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် အထူးဆု(၁)ရ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား လည်းကောင်း၊ စစ်စည်းကမ်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြဆုရရှိကြသည့် စစ်ကြောင်းများမှ တပ်ခွဲအလိုက် ဆုချီးမြှင့်ပွဲနှင့် အကောင်းဆုံးစစ်ကြောင်းဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် စစ်စည်းကမ်း ပထမဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ဂုဏ်ပြုတပ်ခွဲ(၂)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၃-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀	၈။	ဆွာချောင်းရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	မြန်မာစာ၊ မြန်မာစကား
၁၇:၄၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၉။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၈:၀၅	၁၀။	Discovery
၁၈:၁၀	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၇၉)
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၅။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၃၀	၁၆။	အမျိုးသားညီလာခံဂုဏ်ပြုတေး
၁၉:၄၅	၁၇။	ပြည်သူ့အတွက် တပ်မတော် **"မြစ်ကိုမြင်လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့"**
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟေမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၃)
	၂၂။	နှစ်(၆၀)ပြည့်တပ်မတော်နေ့ ရုပ်မြင်သံကြား ဥဘက်စမ်း ပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ် ထွန်းမည်။

စစ်သံမှူးများအား နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများအားနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

တက်ရောက်

အဆိုပါ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ဖိတ်ကြားထားသော မော်ကွန်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာ

တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသော စစ်သံမှူးတစ်ဦးအားနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သင်တန်း အမှတ်စဉ်(၅)မှ သင်တန်းသားများ၊ ဂျပန်–မြန်မာ သမိုင်းနှင့် ယဉ်ကျေးမှုအသင်းမှ ပုဂ္ဂိုလ်များ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် တော်လှန်ရေးပန်းခြံ၌ကျင်းပမည့် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် ချီတက်ရန် နံနက် ၅နာရီတွင် စုရပ်ဖြစ်သည့် မြို့မကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြသည်။

ယင်းသို့ရောက်ရှိနေရာယူကြပြီးနောက် နံနက် ၅နာရီ ၄၅မိနစ်တွင် စစ်ရေးပြအခမ်းအနားကျင်းပရာ တော်လှန်ရေးပန်းခြံသို့ ချီတက်ကြမည့် စစ်ကြောင်းကြီးကိုးကြောင်း၏ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းထံ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းဝင်း(လေ)က တပ်ကိုအပ်သည်။

စစ်ကြောင်းကြီးများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့မထွက်ခွာမီ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ တပ်ကြပ်ကြီးကျော်နိုင်ဦး ခေါင်းဆောင်သည့် လေအိတ်ပလွေပိုက်တပ်စုသည် မြို့မကွင်းမှ ဦးဝိစာရလမ်းအတိုင်း တော်လှန်ရေးပန်းခြံသို့ ကြိုတင်ထွက်ခွာပြီး တော်လှန်ရေးပန်းခြံအတွင်း သတ်မှတ်ထားသည့်နေရာ၌ နေရာယူသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ တပ်ကြပ်ကြီးမြတ်ကျော်သူ ခေါင်းဆောင်သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည်လည်း သတ်မှတ်နေရာ၌ ဆက်လက်နေရာယူကြသည်။

အနော်ရထာစစ်ကြောင်း

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းဝင်း(လေ)၊ ယင်းနောက်မှ အလံတော်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးထိန်လင်း ခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများပါဝင်သော အနော်ရထာစစ်ကြောင်း အလံတော်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးထွန်းစိုး ခေါင်းဆောင်သည့် အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးကျော်လှိုင်ခေါင်းဆောင်သော ဆေးဝန်ထမ်းသင်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးလှုတင်၊ တပ်ခွဲမှူး ဗိုလ်မှူးကံထွန်း ခေါင်းဆောင်သည့် အမှတ်(၇၇)ခြေမြန် တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်စိုး ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်သန်းဦး ခေါင်းဆောင်သည့် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဝင်းလှိုင် ခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးရဲကျော်ကျော် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)နှင့် တပ်ခွဲမှူးဗိုလ်မှူးနေမျိုးဝင်း ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက အနော်ရထာစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ကျန်စစ်သားစစ်ကြောင်း

အလားတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဝင်းနိုင်စိုး ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများပါဝင်သော ကျန်စစ်သားစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးကျော်ရင် ခေါင်းဆောင်သည့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးတိုးမြင့်ကျော် ခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ သင်ကြားရေးမှူးရုံးကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအေးဝင်း၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်မျိုးတင် ခေါင်းဆောင်သည့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသူရလှိုင်ထွန်းဦး ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမိုးဇော် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဝင်းနိုင်ဦး ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးခင်မောင်နိုင် ခေါင်းဆောင်သည့် ဧရာဝတီတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးထင်အောင် ခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာသင်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများက ကျန်စစ်သား စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဘုရင့်နောင်စစ်ကြောင်း

ထို့အတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဌေးလွင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများပါဝင်သော ဘုရင့်နောင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် အရာခံဗိုလ်ဌေးဝင်း ခေါင်းဆောင်သည့် အမှတ်(၄) စစ်အခြေခံလေ့ကျင့်ရေးတပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးအောင်ထွန်းသိန်း ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ သင်ကြားရေးမှူးရုံး ကိုယ်စားပြု ဘုရင့်နောင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိုးလွင်၊ တပ်ခွဲမှူး ဗိုလ်မှူးနေမျိုးဦး ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးညီညီ ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးထွန်းမင်း ခေါင်းဆောင်သည့် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဝေလင်းအောင် ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးမျိုးမြင့်အောင် ခေါင်းဆောင်သည့် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူးသိန်းထွန်း ခေါင်းဆောင်သည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

နဝဒေးစစ်ကြောင်း

အလားတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကျော်ကျော်(ရေ) ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများပါဝင်သော နဝဒေးစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးကျော်ကျော် ခေါင်းဆောင်သည့် တပ်မတော်(ရေ) စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း(ရေ) ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဝင်းလတ်(ရေ) ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု နဝဒေးစစ်ကြောင်းဂုဏ်ပြုတပ်ခွဲ၊ နဝဒေးစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးမောင်မောင်လတ်(ရေ)၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်ဇော်လတ်(ရေ) ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးစိုးထိုက် ခေါင်းဆောင်သည့် ဆက်သွယ်ရေးသင်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတင်မိုးကျော် ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးညွန့်ဦး ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးထင်ကျော်စိုး ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူးသက်နိုင် ခေါင်းဆောင်သည့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့မှ တပ်မတော်သားများက နဝဒေးစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

အောင်ဇေယျစစ်ကြောင်း

ထို့နောက်မှ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမြင့်နိုင် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) အလံများပါဝင်သော အောင်ဇေယျ

စာမျက်နှာ ၆ ကော်လံ ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော ပြည် ထောင် စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ စစ် သံ မှူး များ အား တွေ့ရစဉ်။ (သတင်းစဉ်)

စစ်ကြောင်းကြီးများတော်လှန်ရေးပန်းခြံသို့ ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုချီတက် ပြည်သူလူထုကြီးက အောင်သပြေပန်းများကမ်း၍ ပန်းကုံးများစွပ်ကာဝမ်းပန်းတသာ သောင်းသောင်းဖြဖြကြိုဆို

နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် စစ်ကြောင်းကြီးများ ဦးဝိစာရလမ်းတစ်လျှောက် ချီတက်လာစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၅ မှ

စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး သန့်ဇင် ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးလင်းထွဋ် ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အောင်ဇေယျစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ(၂)၊ အောင်ဇေယျစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်စိုး၊ တပ်ခွဲမှူး ဗိုလ်မှူးသိန်းဝင်း ခေါင်းဆောင်သည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမြင့်မောင်ဦး ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးစိန်ဝင်း ခေါင်းဆောင်သည့် အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ခင်မောင်မောင် ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးကျော်ကျော်ဦး ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃) တို့မှ တပ်မတော်သားများက အောင်ဇေယျစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဆင်ဖြူရှင်စစ်ကြောင်း

ၿငင်းနောက်မှ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးသိန်းထူး(လေ) ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ)အလံများပါဝင်သော ဆင်ဖြူရှင် စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးမြင့်စိုး ခေါင်းဆောင်သည့် တပ်မတော်(လေ) စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့်(လေ)ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးအောင်နိုင်ဦး(လေ) ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု ဆင်ဖြူရှင် စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အုန်းလွင်(လေ)၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်စိန်ထွန်း(လေ) ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမြင့်တိုး ခေါင်းဆောင်သည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်ထွန်း ခေါင်းဆောင်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်ဇော်နိုင် ခေါင်းဆောင်သည့် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနေထွန်း ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူးစန်းညွန့်ဇော် ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများက ဆင်ဖြူရှင် စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဗန္ဓုလစစ်ကြောင်း

အလားတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးမောင်မောင်ကျော် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများပါဝင်သော ဗန္ဓုလ စစ်ကြောင်းအလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး အောင်မင်းနိုင် ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးဇော်မင်းအေး ခေါင်းဆောင်သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ဗန္ဓုလစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်းတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်မောင်ဌေး၊ တပ်ခွဲမှူး ဗိုလ်မှူးထင်ကျော် ခေါင်းဆောင်သည့် စက်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးဇော်မင်း ခေါင်းဆောင်သည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးတိုးရီ ခေါင်းဆောင်သည့် အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဆန်းဝေ ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်လင်းဦး ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)နှင့် တပ်ခွဲမှူး ဗိုလ်မှူးအေးထွန်း ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၄)တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်းအမည်ဖြင့် ချီတက် ကြသည်။

မြဝတီစစ်ကြောင်း

ထိုနောက်မှ အလံကိုင်အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးရဲလွင်ဦး ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ)အလံများပါဝင်သော မြဝတီစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင် တပ်ကြပ်ကြီးတင့်နိုင် ခေါင်းဆောင် သော ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးမောင်ကြည် ခေါင်းဆောင်သည့် ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု မြဝတီစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ မြဝတီ စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန့်ဇော်၊ တပ်ခွဲမှူး ဗိုလ်မှူးသိန်းတန် ခေါင်းဆောင်သည့် အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်ဇော် ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဝေဇင်ထွန်း ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး အောင်ကျော်ညွန့် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးမျိုးသန့်ဇင် ခေါင်းဆောင်သည့် အနောက် ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)နှင့် တပ်ခွဲမှူး ဗိုလ်မှူး တင်မောင်မောင် ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)တို့မှ တပ်မတော်သားများက မြဝတီစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

အောင်ဆန်းစစ်ကြောင်း

အလားတူ အလံကိုင်အဖွဲ့ခေါင်းဆောင် ရဲမှူးအောင်မြတ်မိုး ခေါင်းဆောင် သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု အလံများပါဝင်သော အောင်ဆန်းစစ်ကြောင်း အလံကိုင်အဖွဲ့၊ ရဲတပ်ကြပ်ဇာနည်ဦး ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တီးဝိုင်းအဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်ပြီး တပ်ခွဲမှူး ရဲမှူးဝင်းမြင့်ထူး ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု အောင်ဆန်း စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဆန်းစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကံမြင့်သန်း၊ တပ်ခွဲမှူး ရဲမှူးကံသိန်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ရဲသူရိန် ခင်မောင်ရီ ခေါင်းဆောင်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး အောင်ဆွေဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ခင်မောင်မြင့် ခေါင်းဆောင်သည့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ခင်ထွန်း ခေါင်းဆောင်သည့် မြန်မာ နိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် တပ်ခွဲမှူး ဗိုလ်မှူး နန္ဒာအောင် ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အောင်ဆန်းစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများအားတွေ့ရစဉ်။
(သတင်းစဉ်)



နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက် လာကြသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ စစ်ရေးပြ စစ်ကြောင်းကြီးများက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြစဉ်။

(မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

ယင်းကဲ့သို့ စစ်ကြောင်းကြီး ကိုးကြောင်းတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၁၃၉ဦးတို့သည် မြို့မကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲ တစ်ခွဲနှင့်တစ်ခွဲ ပေ ၃၀ စီနှင့် စစ်ကြောင်းတစ်ကြောင်းနှင့် တစ်ကြောင်း ပေ ၁၀၀ စီခွဲကာ ဦးဝိစာရလမ်းအတိုင်း တော်လှန်ရေးပန်းခြံသို့ ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများသီဆိုကာ ချီတက်ကြသည်။

သောင်းသောင်းဖြဖြကြိုဆို

စစ်ကြောင်းကြီးများ ချီတက်ရာ ဦးဝိစာရလမ်းတစ်လျှောက်၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးနှင့် ညွှန်ကြားရေးမှူးရုံးများမှ တပ်မတော်သားများနှင့် မိသားစုများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်ကြောင်းကြီးများတွင် ပါဝင်ချီတက်ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စခန်းမှူးရုံးမိသားစုများ၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် မိသားစုများ၊ ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ မိသားစုများ၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအပြင် ပြည်သူလူထုကြီးက ပြည်ထောင်စုအလံနှင့် တော်လှန်ရေးအလံငယ်များဝှေ့ယမ်း၍ လည်းကောင်း၊ အောင်သပြေပန်းများကမ်း၍ လည်းကောင်း၊ အမွှေးနံ့သာများပက်ဖျန်း၍ လည်းကောင်း၊ ပန်းကုံးများစွပ်၍ လည်းကောင်း သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

အသင့်နေရာယူ

ယင်းသို့ စစ်ကြောင်းကြီးများအလိုက် ဇာတိသွေးဇာတိမာန် တက်ကြွဖွယ် စစ်ချီတေးသီချင်းများကို သံပြိုင်ဟစ်ကြွေးသီဆို၍ ချီတက်လာကြသော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း မြို့မကွင်းမှ ဦးဝိစာရလမ်းအတိုင်း တော်လှန်ရေးပန်းခြံအတွင်းသို့ အမှတ်(၁)ဂိတ်မှ ဝင်ရောက်နေရာယူကာ နံနက် ၇နာရီတွင် အသင့်နေရာယူပြီး ဖြစ်သည်။

ကြိုဆိုခေါ်ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း လိုက်ပါလျက် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရာ တော်လှန်ရေးပန်းခြံသို့ နံနက် ၇ နာရီခွဲတွင်ရောက်ရှိလာရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က ခရီးဦးကြိုဆိုကြပြီး စစ်ရေးပြအခမ်းအနားကျင်းပရာ တော်လှန်ရေးပန်းခြံအတွင်းရှိ စင်မြင့်ရှိရာသို့ ကြိုဆို ခေါ်ဆောင်ကြသည်။

တပ်ကိုအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်မြင့်ပေါ်တွင် နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်ကိုအပ်သည်။

တပ်စစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်ကိုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။ ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ တော်လှန်ရေးပန်းခြံ အမှတ်(၁)ဂိတ်မှ မြို့မကွင်းသို့ ဦးဝိစာရလမ်းအတိုင်း ပြန်လည်ချီတက်ထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာကာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက် ၈နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရာ ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံအတွင်း၌ ကြက်မောက်ပုနီ၊ ကျားမျက်လုံး၊ ဒီဇင်ဘာ၊ မော်လမြိုင်ပု၊ မာရီရိုး၊ ဇော်မွှား၊ သရက်ထည်၊ ဒေါင်းဖန်ဝါ၊ ဂျပန်နေကြာ၊ ရွက်လှကြက်မောက်၊ ပန်းဟင်းဂလာ၊ ဒန်းနှင်းဆီ၊ ကြက်မောက်ကြီး၊ မညိုလုံး၊ ပန်းချဉ်ပေါင်၊ ကျားပါးစပ် စသည့် အပင်စုစုပေါင်း ၁၂၆၂၀၀တို့ ဝေဝေဆာဆာ ဖူးပွင့်လျက်ရှိကြသည်။

အလံများတလူလူလွင့်

ထို့ပြင် တော်လှန်ရေးပန်းခြံအတွင်း ဗိုလ်ချုပ်ကြေးရုပ်တောင်ကုန်း၌ ခေတ်သုံးခေတ်အလံ၊ တော်လှန်ရေးအလံ၊ တပ်မတော်အလံ၊ တပ်မတော်(ကြည်း)အလံ၊ တပ်မတော်(ရေ)အလံ၊ တပ်မတော်(လေ)အလံ၊ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်အလံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အလံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလံ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အလံနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့အလံတို့ကို လည်းကောင်း၊ စစ်ရေးပြကွင်းနောက်ဘက်၌ တပ်မတော်အလံ၊ တပ်မတော်(ကြည်း)အလံ၊ တပ်မတော်(ရေ)အလံ၊ တပ်မတော်(လေ)အလံ၊ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်အလံများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အလံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလံ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အလံနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့အလံတို့ကို လည်းကောင်း၊ ဧည့်ကြည့်ကွင်းနောက်ကျော၌ တော်လှန်ရေးအလံ၊ တော်လှန်ရေးပန်းခြံပတ်လည်၌ တပ်ရင်းတပ်ဖွဲ့အလံများ၊ မြို့မကွင်းပတ်လည်၌ တော်လှန်ရေးအလံနှင့် တပ်ရင်း၊ တပ်ဖွဲ့အလံများ၊ ဗဟန်းမြို့နယ် အမှတ်(၈)အားကစားကွင်းပတ်လည်၌ တပ်ရင်း၊ တပ်ဖွဲ့အလံများ၊ ဦးဝိစာရလမ်းတစ်လျှောက် ဝဲ/ယာ၌ တော်လှန်ရေးအလံနှင့် တပ်ရင်း၊ တပ်ဖွဲ့အလံများ၊ ဦးဝိစာရအဝိုင်းပတ်လည်၌ ပြည်ထောင်စုအလံ၊ တပ်မတော်အလံနှင့် တော်လှန်ရေးအလံများ၊ အာဇာနည်လမ်းတစ်လျှောက် ဝဲ/ယာ၌ တပ်မတော် (ကြည်း၊ ရေ၊ လေ)အလံများ၊ တိုင်းစစ်ဌာနချုပ်၊ ခြေမြန်တပ်မဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့အလံများ၊ တော်လှန်ရေးပန်းခြံအဝင် ဂိတ်(၁)အနီး ဦးဝိစာရလမ်းလယ်ကျွန်းရှိ ကြက်လျှာစွန်း၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို အသီးသီးစိုက်ထူထားရာ လေအပင့်တွင် တလူလူလွင့်လျက်ရှိကြသည်။

စိုက်ထူထား

ထို့အတူ “နှစ်(၆၀)ပြည့် တပ်မတော်နေ့ ၂၀၀၅ ခုနှစ် မတ်လ(၂၇)ရက်” စာတန်းပါ မြေစိုက်လေးထောင့်ဆိုင်းဘုတ်များကို ဒဂုံပန်းခြံထောင့်၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)နှင့် စကားဝါလမ်းထောင့် ဦးဝိစာရလမ်းဘက်၊ ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်ကို ပြည်သူနှင့်လက်တွဲတည်ဆောက်သည့်နည်းတူ ဖွံ့ဖြိုးတိုးတက်
ဒို့တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားဦးအောင်ဇေယျတို့တည်
ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ်တ

နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြစဉ်။
(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ တိုင်းရင်းသားပြည်သူအားလုံးနဲ့ တပ်မတော်သားတွေဟာ ဖက်ဆစ်အန္တရာယ်ကို တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း တော်လှန်ချေမှုန်းခဲ့ကြတာဖြစ်တယ်။ ဒါကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေခဲ့တဲ့ ယခုလို မော်ကွန်းဝင်နေ့ထူးနေ့မြတ်မှာ မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့-

သူ့ကျွန်ဘဝကိုရောက်ခဲ့စဉ်က နယ်ချဲ့တွေဟာ ဒို့နိုင်ငံအပေါ် နိုင်ငံရေးအရ သွေးခွဲတယ်၊ စီးပွားရေးအရ သွေးစုပ်တယ်၊ လူမှုရေးအရ သိမ်းသွင်းခဲ့ကြတယ်။ နောက်တစ်ဖန် ကျားကြောက်လို့ ရှင်ကြီးကိုးပြန်တော့လဲ ပိုမိုကြမ်းတမ်းရိုင်းစိုင်းတဲ့ ဖက်ဆစ်စနစ်ရဲ့ နှိပ်စက်မှုအောက်မှာ အရှင်လတ်လတ် ငရဲကျသလို ခံစားခဲ့ကြရပြန်တယ်။ သူ့ကျွန်ဘဝရဲ့ ခါးသီးမှုတွေကို ယခုလိုအကျဉ်းမျှ ပြန်လည်ပြောပြရတာက လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရဲ့တန်ဖိုးကို နားလည်သဘောပေါက်ကြစေဖို့ အတွက်ပဲ ဖြစ်တယ်။

ရဲဘော်တို့-

ယခုခေတ် ယခုအခါမှာတော့ ရှေးတုန်းကလို နိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ထားတာမျိုး မဟုတ်တော့ဘဲ နိုင်ငံကြီးတစ်ခုက နိုင်ငံငယ်တစ်ခုကို နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးတစ်ရပ်ရပ်မှာ ဝါးမျိုထားပြီး ကိုယ်ကျိုးရှာတတ်ကြတယ်။

ယနေ့အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဟာလဲ နိုင်ငံတိုင်းက မိမိနိုင်ငံရဲ့ အကျိုးစီးပွားကို အလုအယက် ရှေ့တန်းတင်နေကြတဲ့ ပုံစံမျိုးနဲ့ လည်ပတ်လျက်ရှိတယ်။ **ကိုယ်မချို အမိသော်လဲ သားတော်ခဲ**ဆိုတဲ့ စကားပုံရှိတာကြောင့် မိမိကိုယ်သာ အားကိုးရာဖြစ်အောင် ပြင်ဆင်ကြဖို့လိုအပ်တယ်။ ဒါကြောင့် ကမ္ဘာတိုင်းမှာ သူတစ်ပါးအပေါ် အမှီအခိုကင်းရေးနဲ့ ပြည်တွင်း ပြည့်စုံဖူလုံရေးကို ဦးစွာဆောင်ရွက်ရမယ်။ နောက်တစ်ဆင့်အနေနဲ့ စီးပွားရေးစွမ်းအား တောင့်တင်းပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်။

ရဲဘော်တို့-

ဒို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးတဲ့နောက် နိုင်ငံရေး အယူဝါဒကွဲပြားမှု၊ တိုင်းရင်းသားချင်း သံသယပွားမှုတွေကြောင့် ရောင်စုံသောင်းကျန်းမှုတွေ အမြောက်အမြား ပေါ်ပေါက်ခဲ့တယ်။ ပြည်သူတစ်ရပ်လုံးဟာ ကြိမ်မီးအုံးပမာဖြစ်ခဲ့ကြရတယ်။ ဒါကြောင့် ပြည်သူတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် တပ်မတော်သားအမြောက်အမြားဟာ အသက်နဲ့ခြေလက်အင်္ဂါတွေကို စွန့်လွှတ်ခဲ့ကြရတဲ့နည်းတူ အိမ်ကြက်ချင်းခွပ်ကြရတာမို့ တောတွင်းလက်နက်ကိုင် ဒို့တိုင်းရင်းသားတွေလဲ ထိခိုက်ကျဆုံးခဲ့ကြရတယ်။

အဲဒီကာလမှာ နိုင်ငံရေးအရကြည့်မယ်ဆိုရင် ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လဲ ပြည်တွင်းသောင်းကျန်းမှုကြောင့် ပီပီပြင်ပြင် မကျင့်သုံးနိုင်တော့ဘဲ တဖြည်းဖြည်း အားနည်းသွားခဲ့ရတယ်။ နောက်ဆုံးမှာ ပါတီတွေစိတ်ဝမ်းကွဲပြီး ဒီမိုကရေစီ နိုင်ငံရေးစနစ်ကြီးဟာ လုံးဝချုပ်ငြိမ်းသွားခဲ့ရတယ်။

ပါတီနိုင်ငံရေးရဲ့ အကွဲအပြဲဟာ ပြည်သူလူထုအတွင်း ကူးစက်သွားခဲ့တာကြောင့် နိုင်ငံတော်ဟာ အစိတ်စိတ်အမြွာမြွာ ပြိုကွဲလု ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ပါတီစုံစနစ်မှာ နိုင်ငံတော်ကို တည်ဆောက်နိုင်စွမ်းမရှိခြင်းဟာ စိတ်ဝမ်းကွဲမှုတွေကြောင့်ဆိုတဲ့ အယူအဆနဲ့ တစ်ပါတီစနစ်ကို ထူထောင်ခဲ့ကြပြန်တယ်။ တစ်ပါတီစနစ်မှာလဲပဲ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ထိန်းကျောင်းမှုဆိုတဲ့ စနစ် အားနည်းတာကြောင့် စီးပွားရေးဆိုင်ရာ စာရင်းဇယား ကိန်းဂဏန်းတွေ မှန်ကန်မှုမရှိတော့ဘဲ စီးပွားရေးချွတ်ခြုံကျတဲ့အဆင့်အထိ ရောက်ရှိသွားတယ်။ နောက်ဆုံးမှာတော့ ပယောဂပေါင်းစုံရဲ့ သွေးထိုးမှုနဲ့ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကြီးပင်လျှင် ရပ်ဆိုင်းသွားတဲ့အထိဖြစ်ခဲ့ရတာ ရဲဘော်တို့ အသိပဲဖြစ်တယ်။



28-3 (08).p65 1 3/24/05, 7:19 PM

ဖြိုးတိုးတက်လာသည့်နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ရေး ဇေယျတို့တည်ထောင်ခဲ့တဲ့ ထက်မြက်သောတပ်မတော်များ၏ လက်ဆင့်ကမ်းအမွေခံယူ က်ကြီးအဖြစ်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားကိုမြှင့်တင်ကြ

ရဲဘော်တို့-

တိုင်းပြည်မှာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ မင်းမဲ့စရိုက်တွေ ဖြစ်ပေါ်လာတာကြောင့် တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူဖို့မှတစ်ပါး အခြားနည်းလမ်းမရှိ ဖြစ်ခဲ့ရတယ်။ ဒါကြောင့်လဲ တပ်မတော်ဟာ ပြည်သူရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ဆူပူအောင် သွေးထိုးလှုံ့ဆော် ဖန်တီးနေကြတဲ့ ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက် အဖျက်သမားမှန်သမျှကို ရှင်းလင်းဖယ်ရှားခဲ့ရတယ်။ ဒါ့အပြင် အဲဒီအချိန်မှာ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးရမယ့် အခြေအနေမျိုးဟာလဲ ကျရောက်လာတာကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက ပေါက်ဖွားလာတဲ့ ဒို့တပ်မတော်ကပဲ တွန်းလှန်လိုက်ရပြန်တယ်။

ရဲဘော်တို့-

တပ်မတော်ဟာ နိုင်ငံတော်ကို အပျက်အစီးတွေကြားထဲမှာ စတင်တာဝန်ယူခဲ့ရတာ ဖြစ်တယ်။ အခက်အခဲပေါင်းမြောက်မြားစွာကို ရဲစွမ်းသတ္တိနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ရတယ်။ နိုင်ငံတော် အေးချမ်းသာယာရေးအတွက် ရှေးဦးစွာ ဆောင်ရွက်ပြီးတဲ့နောက် နိုင်ငံတော်တည်ဆောက်ရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာ ဆောင်ရွက်ခဲ့ရတယ်။

မင်းမဲ့စရိုက်ဒဏ်ကို ကြောက်မက်ဖွယ်ရာခံစားခဲ့ကြရတဲ့ ဒို့တစ်တွေဟာ ဆိုးရွားလှတဲ့ သင်ခန်းစာကိုယူပြီး စည်းကမ်းလဲရှိ၊ ဒီမိုကရေစီအနှစ်သာရလဲရှိတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးကြရမှာဖြစ်ပြီး ကူးပြောင်းရေးလုပ်ငန်းစဉ်ဟာ သိမ်မွေ့ညင်သာစွာ ဆောင်ရွက်ရမယ့် ခေတ်ပြောင်း၊ စနစ်ပြောင်းတော်လှန်ရေး တစ်ရပ်ဖြစ်တယ်။ ယင်းသို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်အတွက် အဆင်သင့်ဖြစ်အောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ ကဏ္ဍတိုင်းမှာ အစစအရာရာ ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ဖို့ လိုအပ်တယ်။

ရဲဘော်တို့-

စီးပွားရေးနိမ့်ကျနေတဲ့အပြင် ခေတ်နောက်ကျနေတဲ့ နိုင်ငံတော်ကို ခေတ်ပြောင်း၊ စနစ်ပြောင်း လုပ်ရမယ့်ကာလမှာ အစိုးရအဖွဲ့နဲ့ နိုင်ငံတော်အဖွဲ့အစည်းတွေဟာ တောင့်တင်းခိုင်မာပြီး စွမ်းအားရှိဖို့ လိုတယ်။ မှန်ကန်တဲ့မူဝါဒကို ချမှတ်နိုင်ရမယ်။ ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်စွမ်းလဲရှိရမယ်။ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးတို့မှာ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ရမယ်။ ဒါကြောင့် တပ်မတော်ဟာ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ ကာကွယ်ရေးအမြင်စတဲ့ အမြင်လေးမြင်နဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို ပြည်သူလူထုနဲ့ လက်တွဲပြီး အထူးကြိုးပမ်း တည်ဆောက်နေတာပဲ ဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ သမိုင်းပေးသင်ခန်းစာဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ရဲ့ မူဝါဒအဖြစ်ချမှတ်ပြီး အမြဲတမ်း ဦးထိပ်ပန်ဆင်လျက်ရှိတယ်။ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့ လူမှုရေးဦးတည်ချက်(၄) ရပ်စတဲ့ ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဆက်လက်ချီတက်ခဲ့တယ်။

ယခုလို ဆောင်ရွက်ရာမှာ နိုင်ငံရေးအရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာဖို့ ပြည်သူတွေရဲ့ အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူ့ထံသို့ ပြန်လည်အပ်နှင်းပေးရမှာဖြစ်တယ်။ ဒီလိုအပ်နှင်းတဲ့အခါ စနစ်တကျနဲ့ အေးအေးချမ်းချမ်း၊ မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်အရ အမျိုးသား ညီလာခံကြီးကို ပြန်လည်ကျင်းပလျက် ရှိနေပြီဖြစ်တယ်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို စစ်ကြောင်းကြီးများ နာခံစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီးမှာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအပြင် မြန်မာနိုင်ငံအတွင်း မြို့နယ်တိုင်းက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တွေလဲ ပါဝင်ကြတယ်။ ဒါ့အပြင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာလဲ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးတဲ့ အဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်တွေ ပါဝင်ကြတယ်။ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်စတဲ့ အလွှာပေါင်းစုံနဲ့ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ကိုယ်စားလှယ်တွေဟာ နေရာဒေသအနှံ့အပြားက လာရောက် စုဝေးကြပြီး အကြံကောင်းဉာဏ်ကောင်းများနဲ့ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်လျက် ရှိနေကြတယ်။ ဒါကြောင့် ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးဆိုတဲ့ နိုင်ငံရေး ဦးတည်ချက်ဟာ အနှောင့်အယှက် ကင်းလျှင်ကင်းသလို မြန်မြန်ဆန်ဆန် အောင်မြင်ပြီးမြောက်သွားမှာဖြစ်တယ်။

စီးပွားရေးနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ တာတမံကြီးတွေ၊ ဆည်မြောင်းတွေကို လိုအပ်တဲ့ နေရာတိုင်းမှာ အစုအဖွဲ့လိုက်တည်ဆောက်ပြီး စိုက်ဧကတိုးတက်ရေး၊ စိုက်ပျိုးစွမ်းအား မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။

စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်လို့လဲ ရှိပြီးသားစက်ရုံတွေ စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ စက်ရုံသစ်များ တည်ဆောက်ခြင်းနဲ့ ပုဂ္ဂလိကစက်မှုဇုန်များ တည်ထောင်ပေးပြီး သွင်းကုန်အစားထိုးရေးတို့ကို ဆောင်ရွက်လျက်ရှိတယ်။ စက်မှုနိုင်ငံဖြစ်ဖို့ လိုအပ်ချက်ကြီးမားတဲ့ လျှပ်စစ်နဲ့ လောင်စာစွမ်းအင်များ တိုးတက်ထုတ်လုပ်ရေးအတွက်လဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိတယ်။

လူမှုရေးနဲ့ ပတ်သက်လာရင်လဲ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနဲ့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိတယ်။ ဒါတွေဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒီမိုကရေစီစနစ် ကျင့်သုံးရေးအတွက်ပါ အထူးလိုအပ်တဲ့အချက်တွေဖြစ်တယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြတဲ့အခါ ပညာရည်မြင့်မားမှ စည်းကမ်းပြည့်ဝတဲ့အပြင် အမှန်နဲ့ အမှားကို ပြတ်ပြတ်သားသား ခွဲခြားသိမြင်နိုင်ကြမှာဖြစ်တယ်။ အလားတူပဲ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှသာ ပြည်ပရဲ့ ဘက်စုံထိုးနှက်ချက်တွေကို တွန်းလှန်နိုင်ကြမှာဖြစ်တယ်။

ပညာရည်နိမ့်ပါးခဲ့ရင် မှားသည်မှန်သည်ကို ဝေခွဲနိုင်စွမ်းအားနည်းတာကြောင့် မဲဆွယ် ဖြားယောင်းမှုနောက်ကို ပါသွားပြီး အဂတိတရား မကင်းတဲ့ ရွေးချယ်မှုတွေကို ပြုမိကြလိမ့်မယ်။ အဲသလိုဆိုရင် လွတ်လပ်ရေးရပြီးခါစတုန်းက ပါလီမန်ဒီမိုကရေစီစနစ်လို စည်းမဲ့ကမ်းမဲ့ ပြန်ဖြစ်သွားပြီး ဒီမိုကရေစီစနစ်ဟာ ဆိတ်သုဉ်းသွားနိုင်တယ်။ ဒါကြောင့် တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူသားစွမ်းရည်မြင့်မားအောင် မြှင့်တင်ပေးလျက်ရှိတယ်။

ရဲဘော်တို့-

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိရှိသေတဲ့ တပ်မတော်ဟာ နိုင်ငံတော်အကျိုးကို စိတ်ကောင်းစေတနာကောင်းနဲ့ သယ်ပိုးထမ်းရွက်နေတာပဲဖြစ်တယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်နေကြတာကြောင့် နိုင်ငံတော်ဟာ ယနေ့ကာလမှာ ကန့်သတ်ပိတ်ပင် ထိုးနှက်မှုပေါင်းစုံအကြားကပင်လျှင် တိုးတက်မှုကို ရရှိနေကြပြီဖြစ်တယ်။ ဒါကြောင့်လဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် အကောင်းမြင် နိုင်ငံတွေကပါ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို လက်ခံလာကြတယ်။ ဒါဟာဆိုရင် ဒို့တပ်မတော်အနေနဲ့ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို စွဲစွဲမြဲမြဲသယ်ပိုးရင်း ပြည်သူနဲ့လက်တွဲပြီး နိုင်ငံ့တာဝန်ကို စေတနာမှန်ကန်စွာ ကြိုးပမ်းထမ်းဆောင်ကြလို့ပဲ ဖြစ်တယ်။

ရဲဘော်တို့-

ရဲဘော်တို့ဟာ နိုင်ငံတော်ကို ပြည်သူနဲ့လက်တွဲတည်ဆောက်တဲ့နည်းတူ ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ကို အနော်ရထာ၊ဘုရင့်နောင်၊ အလောင်းဘုရား၊ဦးအောင်ဇေယျ ဘုရင်မင်းမြတ်တို့ တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်းအမွေကိုခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနဲ့အညီ-

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖို့ ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါ၊**
- **ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပြည်သူလူထုနဲ့ လက်တွဲကာ ဦးတည်ချက်(၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြပါ၊**
- **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီတပ်မတော် တည်ဆောက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြပါ** လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ စစ်ကြောင်းကြီးများချီတက်ရာလမ်းတစ်လျှောက် အောင်သပြေပန်းများကမ်း၍ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် မတ် ၂၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ဦးဝိစာရလမ်းအတိုင်းချီတက်ကြရာ ထောင်ပေါင်းများစွာသော ပြည်သူများက လမ်းတစ်လျှောက်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုကြိုဆို

ထိုသို့ကြိုဆိုနှုတ်ဆက်ကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဇနီး ဒေါ်စန်းစန်းရီ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဇနီး ဒေါ်အေးအေး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်နှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများကလည်း ပြည်သူများနှင့်အတူ စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များအား ပန်းကုံးများစွပ်၍လည်းကောင်း၊အောင်သပြေပန်းများကမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ပန်းသပြေကမ်းလှမ်း

ထို့အပြင် ထောင်ပေါင်းများစွာသော ပြည်သူများ၊ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တပ်မတော်သားများနှင့် မိသားစုများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ အသင်း၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုဆရာမများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက စစ်ကြောင်းအလိုက်ချီတက်လာသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များအား အောင်သပြေပန်းများ ကမ်းလှမ်း၍ လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဦးဝိစာရလမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

ဂုဏ်ပြု ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ရတနာပုံရုပ်ရှင်ရုံဘက်၊ ဟံသာဝတီအဝိုင်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနရုံးဘက်၊ ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းဆုံ ဝိဇယပလာဇာနှင့် မျက်နှာချင်းဆိုင်ဘက်၊ အာဇာနည်ကုန်းအဆင်း ဗဟန်းအားကစားကွင်းထောင့်၊ ဗဟန်းအဝိုင်း အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းနယ်မြေဘက်တို့တွင် စိုက်ထူထားသည်။

တပ်မတော်၏ ဆောင်ပုဒ်စာတန်းပါ ဆိုင်းဘုတ်ရှည်များကို စိုက်ထူထားရာတွင် ဦးဝိစာရလမ်းဘက် မြို့မကွင်း၌ "တပ်နှင့်ပြည်သူ မြဲကြည်ဖြူသွေးခွဲလာသူဒို့ရန်သူ"၊ ဦးဝိစာရလမ်းဘေး ဇီဝကဥယျာဉ်ဘက်၌ "တပ်နှင့်ပြည်သူလက်တွဲကူ ဘယ်သူရန်မူဝံ့မည်နည်း"၊ ဦးဝိစာရအဝိုင်း၌ "တပ်နှင့်ပြည်သူလက်တွဲကူ ပြည်ထောင်စုဖြိုခွဲသူမှန်သမျှ ချေမှုန်းကြ" ဟူသည့် ဆိုင်းဘုတ်ရှည်များကို စိုက်ထူထားသည်။

တက္ကသိုလ်များ လှိုင်နယ်မြေ ပြည်လမ်း အင်းလျားလေးကွေ့၊ ပြည်လမ်းမြေနီကုန်း ရတနာပုံရုပ်ရှင်ရုံထောင့်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်းမတော်လမ်းထောင့် ဆေးတက္ကသိုလ်ဘက်၊ ရန်ကုန်ဘူတာကြီးရှေ့ အောင်ဆန်းကွင်းနှင့် မျက်နှာချင်းဆိုင်၊ ဦးဝိစာရအဝိုင်း သိင်္ဂုတ္တရဥယျာဉ်ဘက်တို့၌ "နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို လှိုက်လှဲစွာဂုဏ်ပြုကြိုဆိုပါ၏"၊ ပြည်သူ့ဥယျာဉ် မြောက်ဘက်အဝင်ဂိတ် ဦးဝိစာရလမ်းဘက်၌ "တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်"၊ ဦးဝိစာရလမ်းနှင့် အာဇာနည်လမ်းထောင့် ဗဟန်းအားကစားကွင်းဘက်၌ "အသက်သွေးချွေးစဉ်မနှေး ပေးဆပ်သည်မှာ တပ်မတော်ပါ"၊ ဦးဝိစာရလမ်းနှင့် အာဇာနည်လမ်းထောင့် သိင်္ဂုတ္တရဥယျာဉ်ဘက်၌ "တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ၊ တပ်မတော် ဖြိုခွဲမည့်အကြံ ဒို့လက်မခံ၊ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" ဆိုင်းဘုတ်ရှည်များကို စိုက်ထူထားသည်။

စာတန်းများချိတ်ဆွဲ

ထို့အတူ စစ်ကြောင်းကြီးများချီတက်ရာ ဦးဝိစာရလမ်းတစ်လျှောက် တပ်မတော်မော်ကွန်းတိုက်ဟောင်းရှေ့နှင့် ဗားကရာလမ်းနှင့် ရှင်စောပုလမ်းဆုံ၌ ဒို့တာဝန်အရေး(၃)ပါး စာတန်းကို ချိတ်ဆွဲထားပြီး စစ်ကြောင်းကြီးများ အသွား/အပြန်ချီတက်သည့် ဦးဝိစာရလမ်း၌ "တပ်မတော်ကြီးကို အင်အားရှိအောင် အရာရာမှာကူညီ"၊ "ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်"၊ "သစ္စာလေးလီ ဦးထိပ်တည် စွမ်းရည်သုံးရပ် ကျေပွန်အပ်"၊ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"၊ "တပ်မတော်သာအမိ တပ်မတော်သာအဖ"၊ "လူထုအားကို အများကြီးလိုသည်"၊ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" စသည့် စာတန်းများကို ချိတ်ဆွဲထားသည်။

တပ်မတော်နေ့ သရုပ်ဖော်ပန်းချီ၊ ပိုစတာများကို မဟာဗန္ဓုလပန်းခြံအတွင်း မြို့တော်ခန်းမဘက်၊ ဗဟန်းအဝိုင်း သီရိနန္ဒာကန်ဘက်၊ ဟံသာဝတီအဝိုင်း မြန်မာ့အသံဘက်၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမီးပွိုင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးဘက်တို့၌ စိုက်ထူထားကြသည်။

ရောင်စုံမီးများထွန်းညှိ

နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကျင်းပရာ တော်လှန်ရေးပန်းခြံအတွင်း၌ မီးဆလိုက်မီးမောင်းကြီးများ ၂၅၀၊ ရောင်စုံအလှမီးတွဲ၄၅၀၀၊ ရောင်စုံမီးလုံး ၄၆၀၀၊ ကိုးလုံးတွဲ မီးဆိုင်းကြီး ၁၉ဆိုင်း၊ ငါးလုံးတွဲ မီးဆိုင်းလတ် ၂၇ဆိုင်း၊ သုံးလုံးတွဲမီးဆိုင်းငယ် ၁၀ဆိုင်း၊ ဆိုဒီယမ်လမ်းမီးတိုင် ၂၈တိုင်၊ တော်လှန်ရေးပန်းခြံ အမှတ်(၁)ဂိတ်ရှိ မုခ်ဦးကြီး၏ဘေး ဝဲ၊ယာ၌ အလှရောင်စုံပန်းမီးဆိုင်း နှစ်ဆိုင်း၊ တော်လှန်ရေးပန်းခြံ အမှတ်(၁)ဂိတ်အဝင်လမ်းနှင့် အစည်းအဝေးခန်းမ အဝင်လမ်းဆုံရှိ အလယ်ကျွန်းပန်းခြံ၌ အလှမီးဆိုင်းကြီး တစ်ဆိုင်း၊ အလိုအလျောက် အလှရောင်စုံ ဘောလုံးမီးသီး ၃၀၀တို့ဖြင့် ရှုမငြီးဖွယ် ထွန်းညှိထားသည်။

ထို့ပြင် ညွှန့်ကြည့်ကွင်း၏ မြောက်ဘက်၌ ကြယ်ပုံသဏ္ဌာန် ရေပန်းကြီးတစ်ခု၊ ဗိုလ်ချုပ်ကြေးရုပ်တောင်ကုန်း၏ အရှေ့ဘက်ပန်းခြံအတွင်း၌ ဘောလုံးပုံသဏ္ဌာန် ရေပန်းတစ်ခုတို့ကိုလည်း စီမံဖွင့်လှစ်ထားသည်။

ယနေ့ကျင်းပသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံခြားသတင်းဌာနများဖြစ်ကြသော Fuji TV, NHK, Ji Ji, Asahi Shimbun, AFP, NTV, Yomiuri Shimbun, Reuters, AP, Kyodo နှင့် TBS သတင်းဌာနတို့မှ သတင်းထောက်များလည်း လာရောက်သတင်းယူကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု

မျိုးချစ်ဇာနည် အောင်စစ်သည်

"မျိုးချစ်ဇာနည်၊ အောင်စစ်သည်––ဟေ့"
ချစ်ကြည်လေးမြတ်၊ သက်နှင်းအပ်လျက်
ပေးဆပ်ဝံ့ရဲ၊ ခိုင်မာဇွဲနှင့်
မလှုံ အလံ၊ လေ့ခွက်ကျန်လည်း
ရန်ကို ဖျက်ချိုး၊ အားမာန်နှိုးသည်
အမျိုးချစ်စိတ်နှင့် သာတကား။
"မျိုးချစ်ဇာနည်၊ ရဲရင့်သည်––ဟေ့"
ဉာဏ်နီဉာဏ်နက်၊ သူ့ဂုဏ်ပျက်အောင်
သက်သက် မာန်ကြွ၊ ရန်မစလည်း
သူကထိပါး၊ ပုတ်ခတ်ငြားသော်
စကားတစ်လုံး၊ ဓားတစ်နှုန်းသို့
အားသုံးအမှန်၊ ခွန်းတုံ့ ပြန်မည်
နိုင်ငံချစ်စိတ်နှင့် သာတကား။
အို–သိလော့အဆွေ သိပါလေ
ဒို့မြေ ဒို့ပိုင်၊ ဒို့သာဆိုင်၏
ဒို့နိုင်ငံရိပ်၊ ဒို့မှေးမှိတ်၏
သူ့ရိပ်မမျှော်၊ သူ့ပေါ်မကျူး
သူကကျူးလည်း၊ ကျူးသူကိုချ
သုတ်သင်ကြလိမ့်
မြန်မာ့မြေပုံ၊ အရေးကြုံသော်
သွေးဆုံပေါင်းကာ၊ သောင်းသောင်းငြာမျှ
ခွာသံပြင်းပြင်း၊ ရွှေဘိုမြင်းလည်း
ခုန်ဆင်း၍လျှင်၊ အသက်ဝင်ကာ
ရာဇဝင်ထဲက၊ သူနိုးထလျက်
မြန်မာ့ရှေ့မှောက်၊ ရုတ်ခြည်းရောက်လိမ့်
ရွံ့ကြောက်မဲ့ရှောင်း၊ ရှေးဖြစ်ဟောင်းလည်း
ထပ်လောင်းသစ်သစ်၊ ရင်မှာဖြစ်လျက်
မျိုးချစ်ဇာနည် အောင်စစ်သည်။
ဒို့ရင်ထဲရဲသွေး အမြဲနီ။
ပြည့်ဂုဏ်မြှင့်တင် နေဦးမည်။ ။

စိုးမိုး(ပုသိမ်)

မတ် ၂၇ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအား ပန်းကုံးစွပ်၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ကမ္ဘောဒီးယားနိုင်ငံမှပြန်လည်ရောက်ရှိ ကလေးသူငယ်များဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် မတ် ၂၇

သတ္တမအကြိမ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကလေးသူငယ်များဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်မည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၂ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိကြရာ အစိုးရအဖွဲ့ အတွင်းရေးမှူး (Secretary of State) H.E.Ung Tea Seam နှင့် အစည်းအဝေးကျင်းပရေးကော်မတီဝင်များက ကြိုဆိုကြသည်။

ညပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များအား ယူနီဆက်ဌာနချုပ် အမှုဆောင် ဒါရိုက်တာ Ms.Carol Belarmyက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဖွင့်အမှာစကားပြော

မတ် ၂၃ ရက် နံနက် ၉ နာရီတွင် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို Apsara Angkor Hotel Conference Hall ၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လူမှုဝန်ထမ်း၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်များပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Ith Sam Hengနှင့် ယူနီဆက်ဌာနချုပ်အမှုဆောင်ဒါရိုက်တာတို့က အဖွင့်အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ နိုင်ငံ ၂၇နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ယူနီဆက်အဖွဲ့၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အစည်းအဝေးကျင်းပရေးကော်မတီဝင်များနှင့် အထူးဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် အစည်းအဝေးကို နံနက် ၁၁ နာရီတွင် စတင်ကျင်းပရာ နိုင်ငံ အသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။ ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် City Angkor Hotel ၌ ကျင်းပလျက်ရှိသည့် ကလေးသူငယ်တွေ့ဆုံပွဲ(Young People Forum) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားလည်း တက်ရောက်သည်။

ညပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့များအား လူမှုဝန်ထမ်း၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်များပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ဝန်ကြီးက Elephant Terrac ,Angkor ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မတ် ၂၃ ရက် အစည်းအဝေး ဒုတိယနေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မြန်မာနိုင်ငံ၏ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်တိုးတက်မှု အခြေအနေကို ကမ္ဘာလုံးဆိုင်ရာ ကြေညာချက်၊ ရည်မှန်းချက်များနှင့် ထင်ဟပ်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်ဆွေးနွေး

ထို့နောက် မွန်းလွဲပိုင်းတွင် ဝန်ကြီးများစုံညီအစည်းအဝေး ကျင်းပသည်။ တစ်ချိန်တည်းတွင် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်ရေးအစည်းအဝေးနှင့် ဆီယမ်ရစ်–အန်ကော ကြေညာချက်မူကြမ်း ရေးဆွဲရေးကော်မတီ အစည်းအဝေးများကိုသီးခြားကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်အဖွဲ့က တက်ရောက်ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်အဖွဲ့သည် ယူနီဆက်ဒေသဆိုင်ရာ ကိုယ်စားလှယ် (Regional Director) Ms. Anupama RaoSingh အား မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ် Ms. Carrol C. Longနှင့် အတူ Apsara Angkor Hotelဧည့်ခန်း၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးအတည်ပြု

အစည်းအဝေး တတိယနေ့တွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆက်လက်၍ မိန့်ခွန်းပြောကြားကြသည်။ ထို့နောက် ဆီယမ်ရစ်–အန်ကော ကြေညာချက်ကို ဆွေးနွေးအတည်ပြုကြသည်။ အဋ္ဌမအကြိမ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသကလေးသူငယ်များဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ၂၀၀၇ ခုနှစ်တွင် ပစိဖိတ်ကျွန်းနိုင်ငံတစ်ခု၌ ကျင်းပရန် ဆုံးဖြတ်ပြီး ကမ္ဘောဒီးယားနိုင်ငံ လူမှုဝန်ထမ်း၊စစ်မှုထမ်းဟောင်းနှင့် လူငယ်များ ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ဝန်ကြီးက အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို ခြုံငုံဆွေးနွေး၍ နိဂုံးချုပ်မိန့်ခွန်းပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့များသည် လူငယ်များအလုပ်အကိုင်ရရှိရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးအတွက် ဖွင့်လှစ်ထားသော ပန်းချီ၊ ပန်းပုပညာသင်ကျောင်းသို့ သွားရောက် လေ့လာကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့သော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာကေ၊နတ်ဝါဆင်း ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံတွင်ရှိနေစဉ် မန္တလေးမြို့သို့ ယဉ်ကျေးမှုလေ့လာရေးခရီး သွားရောက်ကြသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ သတ္တမအကြိမ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကလေးသူငယ်များဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။ (လူမှုဝန်ထမ်း)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲဆုချီးမြှင့်

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ(ဗဟိုအဆင့်)ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်ကြီးသက်အောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကျပ်တစ်သိန်း ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမကြီး၌ ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ဆုရရှိကြသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ တပ်သားအဆင့်တွင် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်သားအောင်မြင့်ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေကျပ် တစ်သိန်းနှင့် ဒုတိယတပ်ကြပ်အဆင့်သို့ တိုးမြှင့်ကြောင်း တပ်မတော်မှတ်တမ်းရုံး၏ အပိုင်း(၂) အမိန့်ကို လည်းကောင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်သား ကောင်းမြတ်ထွေးအား ဒိုင်းဆုနှင့်ဆုငွေကျပ် ကိုးသောင်းကိုလည်းကောင်း၊ တတိယရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ တပ်သားမြင့်ဇော်ဦးအား ဒိုင်းဆုနှင့် ဆုငွေကျပ် ရှစ်သောင်းကိုလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ တပ်သားအဆင့်တွင် ပထမရရှိသော အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်မှ တပ်သားမျိုးညွှန့်ထွေးအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေကျပ် တစ်သိန်းနှင့် ဒုတိယတပ်ကြပ် အဆင့်သို့တိုးမြှင့်ကြောင်း တပ်မတော်မှတ်တမ်းရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်သားမျိုးညွှန့်အား ဒိုင်းဆုနှင့် ဆုငွေကျပ်ကိုးသောင်းကိုလည်းကောင်း၊ တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်သားအောင်ဇော်ဝင်းအား ဒိုင်းဆုနှင့် ဆုငွေကျပ်ရှစ်သောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်က စစ်သည်တော်ကျင့်ဝတ် အကြပ်အဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အုပ်ခွဲတပ်ကြပ်ကြီး ခင်ဇော်လွင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေကျပ် တစ်သိန်းနှင့် ဒုတိယအရာခံဗိုလ်အဆင့်သို့ တိုးမြှင့်ကြောင်း တပ်မတော်မှတ်တမ်းရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်ကြပ်အောင်သူအေးအား ဒိုင်းဆုနှင့် ဆုငွေကျပ် ကိုးသောင်းကို လည်းကောင်း၊ တတိယရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီး သန်းဇော်ဦးအား ဒိုင်းဆုနှင့် ဆုငွေကျပ် ရှစ်သောင်းကိုလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ အကြပ်အဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယတပ်ကြပ်လွင်အေးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေကျပ်တစ်သိန်းနှင့် တပ်ကြပ်အဆင့်သို့ တိုးမြှင့်ကြောင်း တပ်မတော်မှတ်တမ်းရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်ကြပ်အောင်ညွှန့်အား ဒိုင်းဆုနှင့် ဆုငွေကျပ်ကိုးသောင်းကိုလည်းကောင်း၊ တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်ကြီးဝင်းထက်အား ဒိုင်းဆုနှင့် ဆုငွေကျပ် ရှစ်သောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်က စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာခံအဆင့်တွင် ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယအရာခံဗိုလ်ကျော်ငွေအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေကျပ် တစ်သိန်းနှင့် အရာခံဗိုလ်အဆင့်သို့ တိုးမြှင့်ကြောင်း တပ်မတော်မှတ်တမ်းရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ ဒုတိယရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ်ထွန်းဝင်းအား ဒိုင်းဆုနှင့် ဆုငွေကျပ် ကိုးသောင်းကို လည်းကောင်း၊ တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ လေကြောင်းလမ်းပြ(၁)မောင်ငွေအား ဒိုင်းဆုနှင့် ဆုငွေကျပ် ရှစ်သောင်းကိုလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ အရာခံအဆင့်တွင် ပထမရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယအရာခံဗိုလ်မျိုးဝင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဒိုင်းဆု၊ ဆုငွေကျပ်တစ်သိန်းနှင့် အရာခံဗိုလ်အဆင့်သို့ တိုးမြှင့်ကြောင်း တပ်မတော်မှတ်တမ်းရုံး၏ အပိုင်း(၂)အမိန့်ကို လည်းကောင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယအရာခံဗိုလ်စိုးသိန်းအား ဒိုင်းဆုနှင့် ဆုငွေကျပ် ကိုးသောင်းကို လည်းကောင်း၊ တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ လေကြောင်းလမ်းပြ(၁)အောင်ဇော်ဦးအား ဒိုင်းဆုနှင့် ဆုငွေကျပ် ရှစ်သောင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ အရာရှိအဆင့်တွင်ပထမရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်ကြီးကျော်ဇောလင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဒိုင်းဆုနှင့် ဆုငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး ဒေါ်ဖြူဖြူဖွေးမြင့်အား ဒိုင်းဆုနှင့် ဆုငွေကျပ် ကိုးသောင်းကိုလည်းကောင်း၊ တတိယရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ ဗိုလ်ကြီးဇော်မိုးလွင်အား ဒိုင်းဆုနှင့် ဆုငွေကျပ်ရှစ်သောင်းကို လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ အရာရှိအဆင့်တွင် ပထမရရှိသော အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်ကြီးသက်အောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ဒိုင်းဆုနှင့် ဆုငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ ဗိုလ်ကြီးသိန်းရွှေဝင်းအား ဒိုင်းဆုနှင့် ဆုငွေကျပ်ကိုးသောင်းကို လည်းကောင်း၊ တတိယရရှိသော ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှ ဗိုလ်သိန်းဇော်အား ဒိုင်းဆုနှင့် ဆုငွေကျပ် ရှစ်သောင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



နိုင်ငံခြားစစ်သံမှူးများ သူရဲကောင်းစစ်သည်ဗိမာန်၌ အလေးပြု

ရန်ကုန် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများသည် ယနေ့နံနက်ပိုင်းတွင် တော်လှန်ရေးပန်းခြံ၌ကျင်းပသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြပြီး နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ သူရဲကောင်းစစ်သည်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ငယ် ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ နာယက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူး Col. Onechanh Phetsalat ဦးဆောင်သော စစ်သံမှူးများသည် သူရဲကောင်းစစ်သည်များအား အလေးပြု၍ **(အပေါ်ပုံ)** သူရဲကောင်းစစ်သည်ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကာ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက်၉နာရီမှ ညနေ ၅နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ရဟန်းရှင်လူပြည်သူများ လာရောက် ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲ ပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကို နေ့စဉ်ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ပြိုင်ပွဲပြပွဲကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ပြသထားမည် ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက် ဆုများချီးမြှင့်

ရန်ကုန် မတ် ၂၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စာပေ၊ အနုပညာပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများကိုပေးအပ်သည်။

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေ၊ အနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေ၊ အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားသည်။

ကဗျာပြိုင်ပွဲ

ထို့နောက် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်ရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကဗျာရှည်အဆင့်(၁)ပြိုင်ပွဲတွင် ပထမဆုရ မျိုးစစ်သည်၊ ဒုတိယဆုရ မျိုးခိုင်(မူဆယ်)နှင့် တတိယဆုရ လှိုင်ဝင်းဆွေတို့အားလည်းကောင်း၊ ကဗျာတိုအဆင့်(၁)ပြိုင်ပွဲတွင် ပထမဆုရ ရွှေညာသား မြတ်မင်း၊ ဒုတိယဆုရ ပုဏ္ဏဝတီတင့်နှောင်းနှင့် တတိယဆုရ အဖျောက်မြေ မောင်ဆွေမွန်တို့အား လည်းကောင်း၊ ကဗျာရှည်အဆင့်(၂)ပြိုင်ပွဲတွင် ပထမဆုရ ကျော်စွာသူ(သာယာဝတီ)၊ ဒုတိယဆုရ မူဆယ်ဝေါင်းခမ်းနှင့် တတိယဆုရတက္ကသိုလ်ချောအိအိဇင်တို့အား လည်းကောင်း၊ ကဗျာတိုအဆင့်(၂)ပြိုင်ပွဲတွင် ပထမဆုရ လွင်သက်မောင်၊ ဒုတိယဆုရ စောငယ်ငယ်(မိုးညှင်း)နှင့် တတိယဆုရ ဝင်းလဲ့မွန်(စီးပွားရေးတက္ကသိုလ်)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဝတ္ထုတိုပြိုင်ပွဲ

ထို့နောက် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရ ထွန်းနိုင်၊ ဒုတိယဆုရ ဥမ္မာတင်နှင့် တတိယဆုရ သဲမြညှာတို့အားလည်းကောင်း၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရ တင်အောင်စိုး(ပန်းမြို့တော်)၊ ဒုတိယဆုရ ကိုထွေး(ကလောဂျီတီအိုင်)နှင့် တတိယဆုရ သင်မိုးနီတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆောင်းပါးပြိုင်ပွဲ

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ သပြေနု၊ ဒုတိယဆုရ အေးသန်း(လက်ပံတန်း)နှင့် တတိယဆုရ မသူဇာဝင်းတို့အား လည်းကောင်း တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မော်လမြိုင်ပညာရေးကောလိပ်မှ မမျိုးသဇင်၊ ဒုတိယဆုရ ပြည်ပညာရေးကောလိပ်မှ မသီတာမြင့်နှင့် တတိယဆုရ စစ်တက္ကသိုလ် ပြင်ဦးလွင်မှ ဗိုလ်လောင်းခိုင်ခန့်ကျော်တို့အား လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ရှိုင်းမော်ထူး၊ ဒုတိယဆုရ ပဲခူးတိုင်း ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မအေးချမ်းမြနှင့် တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မခင်ခင်လေးတို့အား လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ကျော်ခိုင်ထက်၊ ဒုတိယဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ မဖြိုးနန္ဒာထွန်းနှင့် တတိယဆုရ ပဲခူးတိုင်း ညောင်လေးပင်မြို့ အခြေခံပညာ အလယ်တန်းကျောင်းမှ မဇွန်ဦးလှိုင်တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ စစ်တက္ကသိုလ် ပြင်ဦးလွင်မှ ဗိုလ်လောင်းဉာဏ်ပိုင်စိုး၊ ဒုတိယဆုရ ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ မောင်သီဟထွန်းနှင့် တတိယဆုရ တပ်မတော်ဆေးတက္ကသိုလ် (ရန်ကုန်) မှ ဗိုလ်လောင်းချမ်းငြိမ်းသူတို့အား လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်း ပြွန်တန်ဆာမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မစိမ့်စိမ့်သူ၊ဒုတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မအိဇာဖြူနှင့် တတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းမှ မရှုးသက်မှူးတို့အား လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ မဖြိုးသဉ္ဇာခင်၊ ဒုတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်သန့်အောင်ဖြိုးနှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်ထူးအောင်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကဗျာတိုအဆင့်(၁)ပြိုင်ပွဲ၌ ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဆရာ ဆရာမများ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်း ကဝမြို့နယ် သက္ကလ အခြေခံပညာ အထက်တန်းကျောင်းမှ ဒေါ်ခင်အုန်းမြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဦးဘစောနှင့် တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်းမှ ဒေါ်နန်းတင်ရီတို့အားလည်းကောင်း၊ မူလတန်းကြိုအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမူကြိုမှ မဖြိုးကေခိုင်၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပညာရေးကောလိပ် လေ့ကျင့်ရေးမူကြိုကျောင်းမှ မမြတ်နိုးပွင့်နှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ မူကြိုကျောင်းမှ မောင်မျိုးဟိန်းကျော်တို့အား လည်းကောင်း၊ မူလတန်းအငယ်အဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထူးထက်အောင်၊ ဒုတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအေးချမ်းမိုးနှင့် တတိယဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မင်းသီဟတိုးတို့အား လည်းကောင်း၊ အခြေခံပညာမူလတန်းအကြီးအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မကေသန့်စင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မဆုယမင်းနှင့် တတိယဆုရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းမှ မောင်ကျော်ဇေယျတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲ

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မမြတ်သီရိမောင်၊ ဒုတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်ရဲဇာနည်အောင်နှင့် တတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ပိုင်စိုးတို့အား လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မနှင်းအိအိဖွေး၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မဆုဆုဇာနှင့် တတိယဆုရ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲတင့်ဘော်တို့အား လည်းကောင်း၊ အလွတ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်မိုး၊ ဒုတိယဆုရ မောင်လှဟန်နှင့် တတိယဆုရ သပြေမြင့်သိန်းတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ပန်းပုပြိုင်ပွဲ

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အလွတ်တန်းသစ်သားပန်းပုပြိုင်ပွဲတွင် ပထမဆုရ မောင်စိုးမင်းနောင်၊ ဒုတိယဆုရ ဦးရွှေဝင်းသန့်နှင့် တတိယဆုရ ကိုဇော်လတ်တို့အား လည်းကောင်း၊ အလွတ်တန်း ပလတ်စတာပန်းပုပြိုင်ပွဲတွင် ပထမဆုရ မောင်စိုင်းအိုက်နော်၊ ဒုတိယဆုရ မောင်ရဲကျော်စွာနှင့် တတိယဆုရ မောင်စိုးမြင့်သူတို့အားလည်းကောင်း၊ ခေတ်မီဘက်စုံ တည်ဆောက်ရေးဆုရပြီးသူများအတန်း ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ရွှေအင်းသားခင်မောင်ဝင်း၊ ဒုတိယဆုရ ညောင်ဦးဖိုးချို နှင့် တတိယဆုရ အေကေမိုး(သတ္တဗေဒ) တို့အားလည်းကောင်း၊ ခေတ်မီဘက်စုံတည်ဆောက်ရေး လူသစ်တန်း ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ညိုဝင်းအောင်(တောင်ကြီး)၊ ဒုတိယဆုရဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်) နှင့် တတိယဆုရ ကိုသိန်းဝင်းတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု ဆုရပြီးသူများအတန်း ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ညိုဝင်းအောင်(တောင်ကြီး)၊ဒုတိယဆုရဝေကြည်မိုး(ရန်ကုန် တက္ကသိုလ်)နှင့် တတိယဆုရ ညောင်ဦးဖိုးချိုတို့အား လည်းကောင်း၊ ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု လူသစ်တန်း ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အောင်မျိုး(Maximum Force)၊ ဒုတိယဆုရ ကျော်သာ(ဟိုက်ချင်း)နှင့် တတိယဆုရ အေကေမိုး(သတ္တဗေဒ) တို့အား လည်းကောင်း၊ စစ်ချီတေးပြိုင်ပွဲတွင် ပထမဆုရ တပ်ကြပ်ကြီးဖုန်းမြင့်၊ ဒုတိယဆုရ သန်းစိုးအောင်နှင့် တတိယဆုရ အောင်ဇော်တို့အား လည်းကောင်း၊ စစ်ရေးတေးအဆင့်(၁)ပြိုင်ပွဲတွင် ပထမဆုရ ရေနံ့သာမောင်ကျော်ညွန့်၊ ဒုတိယဆုရ တင်မောင်လှိုင်နှင့် တတိယဆုရ လေးနိုင်မင်း(မြဝတီ)တို့အား လည်းကောင်း၊ စစ်ရေးတေး အဆင့်(၂)ပြိုင်ပွဲတွင် ပထမဆုရ ဝေလင်း(သုခမိသားစု)၊ ဒုတိယဆုရ ဟသ်ာတမျိုးအောင်နှင့် တတိယဆုရ မိုးသူတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းမှမောင်မြတ်သူရ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ကောင်းမြတ်စိုးနှင့်တတိယဆုရ တနင်္သာရီတိုင်းမှ မမြသဇင်အောင်တို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲတွင် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဖြူဝင့်သော်၊ ဒုတိယဆုရ မွန်ပြည်နယ် မုဒုံမြို့ အခြေခံပညာအထက်တန်းကျောင်းမှမောင်စိုးပိုင်နှင့် တတိယဆုရ မကွေးတိုင်း မကွေးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မရတနာမျိုးဝင်းတို့အားလည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၃) အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်ကျော်ဖြိုးခိုင်၊ ဒုတိယဆုရတနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ မဇင်ဖူးဝေနှင့် တတိယဆုရ မကွေးတိုင်း မကွေးမြို့ အမှတ် (၄) အခြေခံပညာ အလယ်တန်းကျောင်းမှ မဆုသီဂီတို့အား လည်းကောင်း၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ပထမဆုရ ဗိုလ်လောင်းချမ်းငြိမ်းသူ၊ ဒုတိယဆုရ မသန်းသန်းနိုင်နှင့် တတိယဆုရ မချောမြမြစိုးအောင်တို့အားလည်းကောင်း၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အခြေခံပညာအဆင့် ပထမဆုရ မောင်ဖြိုးတင့်လွင်၊ ဒုတိယဆုရ မနန်းပွင့်ရွှေရည်ဖူးနှင့် တတိယဆုရ မောင်သီဟချစ်ဝင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

ဆက်လက်၍ စာပေနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက အခြေခံပညာ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မသရဖူအောင်၊ ဒုတိယဆုရ မန္တလေးတိုင်း အောင်မြေသာဇံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ မအေးဖြူငြိမ်းနှင့် တတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ရန်နိုင်ဦးတို့အား လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ကျော်ထက်နောင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်ထူးနှင့် တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်နိုင်အုပ်ကျော်တို့အား လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာအသုံးချစွမ်းရည်ပြိုင်ပွဲတွင်ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ မအိယဉ်မွန်၊ ဒုတိယဆုရ မန္တလေးတိုင်း မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းထက်လင်းနှင့် တတိယဆုရ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မနန်းပွင့်ရွှေရည်ဖူးတို့အား လည်းကောင်း၊ ဦးတည်ချက်(၁၂)ရပ်နှင့် တပ်မတော်ဆိုင်ရာ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ မောင်သန်းထိုက်ဦး၊ ဒုတိယဆုရ မောင်အောင်ခင်ဇော်နှင့် တတိယဆုရ မစုဝတီနွယ်တို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ဝတ္ထုရှည်ပြိုင်ပွဲ ပထမဆုရရှိသူ တင်အောင်စိုး(ပန်းမြို့တော်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

28-3 (13).p65 1 3/24/05, 7:19 PM

ကျိုက်ဒေးယျံမင်္ဂလာရာမ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၇

သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် ကျိုက်ဒေးယျံစေတီတော်၏ခြေတော်ရင်း မင်္ဂလာရာမကျောင်းတိုက်တွင် မဟာစည်သာသနာ့ရိပ်သာ၏ (၆)ကြိမ်မြောက် တရားစခန်းကို ဧပြီ ၈ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းတွင် မဟာစည်ရိပ်သာမှ မုဒုံဆရာတော်၊ မြန်အောင် ဆရာတော်၊ ကျောက်ပန်းတောင်းဆရာတော်၊ ဦးပညာဒီပ၊ သာကေတ မဇ္ဈိမဂုဏ်ရည်ဆရာတော်တို့က တရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများ ဧပြီ၈ရက်ညနေ ၅နာရီအရောက် ဖုန်း-၀၅၆-၂၁၅၇၈သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၂)ဖြန့်ချိ

ရန်ကုန် မတ် ၂၇

ကိုကို(စက်မှုတက္ကသိုလ်) စီစဉ်သည့် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၂)တွင် ငပလီကမ်းခြေ ဟိုတယ်သစ်များ ၂၀၀၆ ပွင့်လင်းရာသီတွင် ဖွင့်လှစ်နိုင်မည်၊ ဆီစာအုပ်ရှိသော်လည်း မယုံကြည်သင့်၊ တရားမဝင် လိုင်စင်မဲ့ယာဉ်များ ဟုတ်မဟုတ် သက်ဆိုင်ရာ ယာဉ်ထိန်းနယ်မြေရုံးများတွင် စစ်ဆေးနိုင်၊ လူငယ်များအတွက် မျက်မှောက်တွင် အရေးကြီးဆုံးသည် ပညာရေးအရာ ဖြစ်ကြောင်း အရှေ့အာရှနှင့် ပစိဖိတ်လူငယ်များက ဖိုရမ်တွင် တညီတညွတ်တည်း သဘောတူခဲ့ကြ စသည့် မျက်မှောက်ရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဂျပန်ကေရာဇ်သမီးတော် စေ့စပ်ပွဲသတင်း သတို့သားလောင်းနာမည် မှားယွင်းဖော်ပြမိ၍အမှားပြင်ဆင်ချက်ရေးပေးရ၊ စိတ်ကျရောဂါကို ကာယလေ့ကျင့်ခန်းယူခြင်းဖြင့် လျှော့ချနိုင်၊ ဆူနာမီကြောင့် ရှေးဟောင်း ရေအောက်မြို့တော် ပြန်ပေါ်လာ၊ ဆေးဝါးမှုပိုင်ခွင့် ဥပဒေသစ်လွှတ်တော်တွင်မူကြမ်းတင်သွင်းစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀က ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

CONTRACT AND TENDER

As part of UNDP response to assist Tsunami affected families in Laputta Township of Ayeyarwaddy Division, UNDP invites sealed bids for the construction of semi-permanent shelters in five villages in Laputta Township.

Invitations to sealed Tender and Bidding Forms are available from:

UNDP
Attention: (Disaster Focal Point)
No. 6, Natmauk Road
Yangon
Tel: 542910-19, Extension 416

Interested construction firms must submit their bids to UNDP Office by Monday 4 April 2005 before 4:30 p.m. latest.

Request for Application for National Consultants

As part of UNDP response to assist Tsunami affected families in Laputta Township of Ayeyarwaddy Division, UNDP wishes to engage a qualified personnel each for the following works:

* Short-term Consultant-cum-Coordinator to coordinate training activities related to Disaster Preparedness in the 5 Townships in the Ayeyarwaddy Division.

Application together with proposal should be addressed and delivered to UNDP office, No.6, Natmauk Road, Yangon (Attention: Disaster Focal Point) not later than Monday 4 April 2005 COB. Only selected Consultant will be informed.

For further inquiry and a copy of To R please contact UNDP office (Disaster Focal point), Tel:542910-19, Extension 416.

Request for Application for National Consultants

As part of UNDP response to assist Tsunami affected families in Laputta Township of Ayeyarwaddy Division, UNDP wishes to engage a qualified personnel each for the following works:

* Short-term Consultant-cum-Coordinator to provide technical input to rehabilitate Tsunami affected families in Laputta Township of Ayeyawaddy Delta.

Application together with proposal should be addressed and delivered to UNDP office, No.6, Natmauk Road, Yangon(Attention: Disaster Focal Point) not later than Monday 4April 2005 COB. Only selected Consultant will be informed.

For further inquiry and a copy of ToR please contact UNDP office (Disaster Focal point), Tel:542910-19, Extension 416.

SUCCESS LANGUAGE ACADEMY
ENGLISH SPEAKING
2 or 3 MONTHS
Intermediate 28 Mar 6:00-7:30 2 months

TECH TRAINING CENTRE
705702, 539531
City & Guilds
MICT Park
9:00 - 11:00
28. 3. 2005
31. 3. 2005

THREE FRIENDS CO.,LTD.
CONSTRUCTION & DECORATION
Modern Furniture
Wall Covering
(PAE, Supervision)
Archi & Structure Design
44A(1)၊ ရန်ကုန်
ph: 01-201121, 294864, 09-50-11443, 09-50-10289

KMD
The 5th International ICT Exhibition Yangon (2005)
Computer Sales & Service Centre

Car - Air Bag, Aircon Bus(TV)
Food - Break First, Lunch, Dinner

၂၀၀၅ခုနှစ်မှာ ကုမ္ပဏီတိုင်း၊ စာရင်းသမားတိုင်း၊ မရှိမဖြစ်
လက်စွဲဆောင်ထားရမည့်
စာအုပ်ကောင်းနှစ်အုပ် ထွက်နေပါပြီ။
၁။ မြန်မာနိုင်ငံ စာရင်းကိုင်စံများ
၂။ ကုမ္ပဏီလုပ်ငန်းခွင် စာရင်းကိုင်လောကမှ ပြဿနာများ
Account Care Group
အမှတ် ၃၅၇၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၉၃၀၅၊ ၅၃၈၅၇၉၊ ၀၉-၉၉-၂၄၇၀၇

တပ်မတော်နေ့က လက်ဆင့်ကမ်းလာတဲ့ သမိုင်းပေးတာဝန်

အောင်မိုးခံ

၁၉၄၅ခု မတ်လ ၂၇ရက် တပ်မတော်နေ့က ပေးအပ်လာတဲ့ တပ်မတော်ရဲ့ လက်ဆင့်ကမ်းသမိုင်းပေးတာဝန်တွေကို အခုလို တွေ့မြင်ခံစားမိပါတယ်။

တပ်မတော်နေ့ဆိုတာ တပ်မတော်ရဲ့ရှေ့ဆောင်မှုနဲ့ မြန်မာတစ်မျိုးသားလုံး လက်နက်စွဲကိုင်ပြီး ကျူးကျော်သူဖက်ဆစ်တွေကို တော်လှန်ခဲ့တဲ့နေ့၊ ဖက်ဆစ်တွေအပေါ် အောင်ပွဲဆင်ခဲ့တဲ့နေ့၊ ကမ္ဘာ့ဖက်ဆစ်စနစ်ဆိုးကြီး ချုပ်ငြိမ်းသွားရေးအတွက် မြန်မာတစ်မျိုးသားလုံး ပါဝင်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့တဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ တပ်မတော်ပေါက်ဖွားလာတဲ့သမိုင်းကို အကျဉ်းမျှ လေ့လာကြည့်မယ်ဆိုရင် ဒုတိယကမ္ဘာစစ်အတွင်းမှာ မြန်မာ့မျိုးချစ်လူငယ်များဟာ ဂျပန်ပြည်မှာ စစ်ပညာသွားရောက်သင်ကြားပြီး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့တယ်။ တပ်မတော်ဟာ ရဲဘော်သုံးကျိပ်ကစတင်ခဲ့ပြီး မျိုးချစ်တိုင်းရင်းသား ပြည်သူတွေဟာ မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ထဲကို ဝင်ရောက်ခဲ့ကြတယ်။ **တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ မျိုးချစ်နိုင်ငံရေး ခံယူချက်နဲ့ ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်ပါတယ်။ လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်က တပ်မတော်ရယ်၊ ကွန်မြူနစ်ပါတီရယ်၊ ပြည်သူ့အရေးတော်ပုံပါတီရယ်တို့ဟာ တစ်စိတ်တစ်ဝမ်းတည်း ပြည်သူတစ်ရပ်လုံးကို ရှေ့ဆောင်ပြီး ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲခဲ့ကြပါတယ်။ ဒီအချိန်ကစပြီး တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုမှာ စတင်ပါဝင်လာခဲ့ပါတယ်။ ဆိုလိုတာက တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်လာခဲ့တာပဲ ဖြစ်ပါတယ်။**

လွတ်လပ်ရေးရလာပြန်တော့လဲ ရန်ကုန်အစိုးရလို့ ခေါ်ရလောက်အောင်သာ ကျန်တဲ့အထိ တစ်ပြည်လုံးအနှံ့အပြား ကြီးထွားလာခဲ့တဲ့ ရောင်စုံလက်နက်ကိုင် သောင်းကျန်းမှုကို တပ်မတော်က ချေမှုန်းတိုက်ခိုက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရတယ်။ ဒါဟာလဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေးသမားတွေက နိုင်ငံရေးနည်းနဲ့ ဘယ်လိုမှ ဖြေရှင်းမရနိုင်တဲ့အတွက် တပ်မတော်က အခုလို ဝင်ရောက်တာဝန်ယူ ကြိုးပမ်းခဲ့ရတာ ဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၅၀ပြည့်နှစ် ဝန်းကျင်မှာ အမေရိကန်စီအိုင်အေက ကူညီထောက်ပံ့ထားတဲ့ တရုတ်ဖြူတပ်ပျက်အချို့ မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်လာပြန်တယ်။ အဲဒီတုန်းကလဲ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကာကွယ်နိုင်တဲ့ တစ်ခုတည်းသော အင်အားစုဟာ တပ်မတော်သာဖြစ်ပါတယ်။ တရုတ်ဖြူကျူးကျော်သူများကိုလဲ တပ်မတော်ကပင် စစ်ဆင်ရေးကြီးများဆင်နွှဲပြီး မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့ရတယ်။

နောက်ပိုင်းမှာ တပ်မတော်ဟာ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကိုသာမက နိုင်ငံတော်တာဝန်ကိုပါ သမိုင်းပေးတာဝန်အရ ဝင်ရောက်ထမ်းဆောင်ပြီး အမျိုးသားနိုင်ငံရေး ဦးဆောင်မှုမှာ ပါဝင်လာခဲ့ရပြန်ပါတယ်။

နောက်ဆုံး လွတ်လပ်ရေးရရှိရေးအတွက် ရှေ့ဆောင်ပါဝင်ခဲ့တဲ့ အမျိုးသားနိုင်ငံရေး အင်အားစု၊ အဲဒီတုန်းက အာဏာရနိုင်ငံရေးပါတီ၊ ဖဆပလအဖွဲ့ချုပ်ကြီးဟာ ဝါဒစွဲ၊ ပါတီစွဲပုဂ္ဂိုလ်ဂိုဏ်းဂဏစွဲပြင်းထန်မှုကြောင့် ပြိုကွဲလာခဲ့တယ်။

အဲဒီလို ဖဆပလပြိုကွဲမှုဟာ နိုင်ငံကို ကြီးစွာဂယက်ရိုက်ခဲ့တယ်။ နောက်ဆုံးထိန်းမနိုင် သိမ်းမရဖြစ်တဲ့အတွက် ပြည်သူတို့ ယုံကြည်ကိုးစားမှုကင်းမဲ့လာပြီး အမျိုးသားရေးအကျိုးကို အစဉ်ရှေးရှုထမ်းဆောင်လာတဲ့ တပ်မတော်ဟာ နိုင်ငံတော်တာဝန်ကိုဝင်ရောက်ပြီး ပခုံးပြောင်း ထမ်းဆောင်လာခဲ့ရတယ်။ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ နိုင်ငံရေးပါတီခေါင်းဆောင်တွေက တပ်မတော်ကို အိမ်စောင့်အစိုးရအဖြစ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီလို အိမ်စောင့်အစိုးရတာဝန်ကို ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် အမျိုးသားရေးအန္တရာယ်တွေကို တွန်းလှန်ဖယ်ရှားလာခဲ့ရတယ်။

၁၉၆၂ ခုနှစ် ပထစအစိုးရလက်ထက်မှာ ဖယ်ဒရယ်မှုကို အကြောင်းပြုပြီး ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ် ကြုံလာပြန်တော့လဲ တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်ပြီး အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်လာခဲ့ရပြန်တယ်။ ၁၉၆၃ ခုနှစ် ဧပြီလ ၁ရက်နေ့မှာ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေကို ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒါဟာ တပ်မတော်ရဲ့ အမျိုးသားသင့်မြတ်စည်းလုံးရေး အစဉ်ရှေးရှု ကြိုးပမ်းခဲ့မှုဖြစ်တယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါ။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လာရောက် ဆွေးနွေးခဲ့တဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှာ ကရင်တစ်ဖွဲ့နဲ့သာ ငြိမ်းချမ်းရေးရခဲ့တယ်။ အခြားအဖွဲ့တွေဟာ ပြည်သူတို့ မျှော်လင့်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ထက် မိမိတို့ရဲ့ တစ်ဖွဲ့တစ်ပါတီ အကျိုးအတွက်သာ အသီးသီး အခွင့်ကောင်းယူပြီး အမြတ်ထုတ်ခဲ့ကြလို့ ဖြစ်ပါတယ်။

ဒါ့အပြင် တပ်မတော်ဟာ မြေပေါ်မှာရှိတဲ့ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနဲ့လဲ ပြည်တွင်းညီညွတ်ရေး ရရှိဖို့အတွက် ဆက်လက် ကြိုးပမ်းခဲ့ပါတယ်။ အတွေ့အကြုံရှိတဲ့ နိုင်ငံရေးခေါင်းဆောင်များရဲ့ အကြံဉာဏ်ကိုရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ တိုင်းရင်းသားလူမျိုးစုများအရေးစတဲ့ နိုင်ငံနဲ့လူမျိုးအကျိုးဖြစ်ထွန်းမယ့်အရေးတွေမှာ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ဖို့ အခြေအနေ အချိန်အခါနဲ့ လျော်ညီတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးအတွက် ရည်ရွယ်ချက်နဲ့ ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်တွင် ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ ၃၃ဦးကို ဖွဲ့စည်းပေးခဲ့တယ်။

အဲဒီမှာ ပထစ(သန့်ရှင်း)၊ ဖဆပလ(တည်မြဲ)၊ ပမညတ စတဲ့နိုင်ငံရေးအဖွဲ့အစည်းမျိုးစုံက ပုဂ္ဂိုလ်များပါဝင်သလို တိုင်းရင်းသားလူမျိုးပေါင်းစုံမှ နိုင်ငံရေးဝါရင့်ပုဂ္ဂိုလ်များလဲ ပါဝင်ခဲ့တယ်။ အဲဒီလိုပါဝင်တဲ့ အဖွဲ့စုံ၊ ပုဂ္ဂိုလ်စုံတို့ဟာ အယူအဆသုံးမျိုးကွဲပြားခဲ့တယ်။ ပြည်တွင်းညီညွတ်ရေး အဖွဲ့ဝင် ၃၃ ဦးတို့ရဲ့ အကြံပြုချက်တွေဟာ မိမိတို့အားသန်နှစ်သက်တဲ့ နိုင်ငံရေးဝါဒစွဲ၊ လူမျိုးစွဲတွေနဲ့ ပုဂ္ဂိုလ်ရေးသြဇာအာဏာပြန်လည် ရရှိလိုမှုကိုသာ ရှေ့တန်းတင်ခဲ့ကြလို့ တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးအတွက် အကြံပြုရာမှာ ၎င်းတို့အချင်းချင်းပင် ရင်ကြားစေ့မရအောင်ဖြစ်ခဲ့တယ်။ ဒါကြောင့် မျှော်လင့်သလို မအောင်မြင်ခဲ့ပါ။

၁၉၈၈ ခုနှစ် အရေးအခင်းကျပြန်တော့လဲ မင်းမဲ့စရိုက် သောင်းကျန်းမှုတွေ ကြီးစိုးလာပြီး ပြည်ပစွက်ဖက်မှုတွေပါ ပူးကပ်ဝင်ရောက်လာတယ်။ နောက်ဆုံးထိန်းမနိုင်သိမ်းမရနဲ့ ပြည်သူလူထုတစ်ရပ်လုံး ကျိုးလန့်စာစားဘဝကို ရောက်လာပြီး နိုင်ငံတော်အတွက် အန္တရာယ်ကြုံတော့မယ့် အခြေအနေရောက်လာခဲ့တယ်။ ဒါတွေကို ဘယ်ပါတီဘယ်အဖွဲ့အစည်း ဘယ်လူပုဂ္ဂိုလ်ကြီးငယ်ကမျှ ဝင်ရောက်ထိန်းသိမ်းနိုင်စွမ်းမရှိတော့တဲ့အတွက် သမိုင်းအစဉ်အလာ ကြီးမားပြီး အင်အားအကောင်းဆုံး၊ စည်းကမ်းအရှိဆုံး အမျိုးသားတပ်မတော်က ဝင်ရောက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်။ တပ်မတော်ကသာ အချိန်မီ ဝင်ရောက် တာဝန်မယူရင် မြန်မာအရေးဟာ တွေးဝံ့စရာမရှိလောက်အောင် ကြုံလာနိုင်ပါတယ်။ အချို့သော အင်အားစုတွေဟာ မိမိတို့ကိုယ်တိုင်လည်း ဝင်ရောက်ဆောင်ရွက်နိုင်စွမ်းမရှိ၊ တပ်မတော်က မလွှဲမရှောင်သာ ဝင်ရောက်တာဝန်ယူရပြန်တော့လဲ နောက်ပိုင်းမှာ စစ်အာဏာသိမ်းမှုဆိုပြီး ပုတ်ခတ်တိုက်ခိုက်လာတယ်။ ဒါဟာ တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက် ထမ်းဆောင်ပြီး ပြည်သူ့အကျိုးကို ရှေးရှုသယ်ပိုးမယ့် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ မလွှဲမရှောင်သာ ပါဝင်လာရမှုဖြစ်ပါတယ်။

အခုလို နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ ပြည်သူတို့လိုလားတဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ဦးတည်ချက်(၁၂)ရပ် ချမှတ်ထူထောင်လာခဲ့ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်လာရေး၊ စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးစတဲ့ ထူထောင်ရေးလုပ်ငန်းတွေကို တစ်ဆင့်ပြီးတစ်ဆင့် မနားမနေ ထူထောင်ပေးလာခဲ့တာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲဖြစ်တယ်။

ဒါကြောင့် ဒီကနေ့ နိုင်ငံတော်အခြေအနေဟာ ဘယ်ခေတ်ဘယ်အခါနဲ့မျှမတူအောင် ပြောင်းလဲတိုးတက်လာခဲ့တယ်။ ယခင်အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတဲ့အတွက် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးမှုကိုလဲ ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင် ရရှိလာခဲ့ပါတယ်။

နယ်စွန်နယ်ဖျားဒေသများပါမကျန် ဘယ်ခေတ်ဘယ်အခါနဲ့မျှမတူအောင် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ပြည်ပနိုင်ငံကြီးအချို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေကိုလဲ အမျိုးသားစည်းလုံးညီညွတ်မှု အင်အားဖြင့် ရင်ဆိုင်ကျော်လွှားလာနိုင်ခဲ့ပါတယ်။

၁၉၉၀ပြည့်နှစ်မှာ ကျင်းပပေးခဲ့တဲ့ ဥပဒေပြုရေးရွေးကောက်ပွဲတွင် အများစု အရွေးချယ်ခံရတဲ့ ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေမဲ့အာဏာလွှဲဖို့ တောင်းဆိုလာတဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ်မှာ စတင်ကျင်းပပေးခဲ့ပါတယ်။

ညီလာခံကြီးတွင် တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များနဲ့ စိတ်တူကိုယ်တူ တက်ရောက်နေတဲ့ အဲဒီအများစုအရွေးချယ်ခံထားရတဲ့ ပါတီက နုတ်ထွက်သွားခဲ့ပြန်ပါတယ်။ ဒါကြောင့် တစ်မျိုးသားလုံးသင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော်ထူထောင်သွားနိုင်ရေးအတွက် တည်ဆဲတပ်မတော်အစိုးရဟာ ၂၀၀၃ ခုနှစ်မှာ နိုင်ငံတော်ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကြီးကို ပိုမိုကျယ်ပြန့်စုံညီစွာ ဆက်လက်ကျင်းပခဲ့ပါတယ်။ ဒီအမျိုးသားညီလာခံကြီးဟာ မြန်မာ့သမိုင်းမှာ တိုင်းရင်းသားလူမျိုးစုံ၊ လူထုလူတန်းစားအလွှာစုံ ကျယ်ပြန့်စုံညီစွာ ပါဝင်တဲ့ ပထမဦးဆုံး အမျိုးသားညီလာခံကြီးဖြစ်ပြီး စည်းလုံးညီညွတ်မှုအရှိဆုံး အမျိုးသားညီလာခံကြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီညီလာခံကြီးကတစ်ဆင့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို မပျက်မကွက် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ဒါဟာ တပ်မတော်နေ့က လက်ဆင့်ကမ်းလာတဲ့ သမိုင်းပေးတာဝန်ဖြစ်သလို မြန်မာ့လူ့အဖွဲ့အစည်းရဲ့ (၂၁)ရာစု သမိုင်းပေးတာဝန်လဲ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ မျိုးချစ်နိုင်ငံရေး ခံယူချက်နဲ့ ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်ပါတယ်။ လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်က တပ်မတော်ရယ်၊ ကွန်မြူနစ်ပါတီရယ်၊ ပြည်သူ့အရေးတော်ပုံပါတီရယ်တို့ဟာ တစ်စိတ်တစ်ဝမ်းတည်း ပြည်သူတစ်ရပ်လုံးကို ရှေ့ဆောင်ပြီး ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲခဲ့ကြပါတယ်။ ဒီအချိန်ကစပြီး တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုမှာ စတင်ပါဝင်လာခဲ့ပါတယ်။ ဆိုလိုတာက တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်လာခဲ့တာပဲ ဖြစ်ပါတယ်။



ကြီးကြပ်ဆောင်ရွက်

ဖေဖော်ဝါရီ ၂၄ရက်က လဲချားမြို့ ဗထူးလမ်းပေ ၅၅၀ ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အလုံမြို့နယ်က ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲကို မတ် ၁၄ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အလုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက သင်တန်းအတွက် အလှူငွေများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဒေါ်ခင်မမထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အကျဉ်းချုံးကြေးတိုင်လုပ်ငန်း စီမံချက်ညှိနှိုင်းစည်းဝေး

မန္တလေး မတ် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ အကျဉ်းချုံးကြေးတိုင်လုပ်ငန်းစီမံချက် အထက်မြန်မာပြည်ရှိ ပြည်နယ်၊ တိုင်းရှစ်ခုနှင့် ညှိနှိုင်းအစည်းအဝေးကို မတ်၁၂ရက် နံနက်၁၀နာရီက အထက်မြန်မာပြည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အထက်မြန်မာပြည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသန်း တက်ရောက်အမှာစကား ပြောကြားသည်။(ဝဲပုံ)

ဆက်လက်၍ အထက်မြန်မာပြည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက စီမံချက်လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် အထက်မြန်မာပြည်မှ ပြည်နယ်/တိုင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယပြည်နယ်/တိုင်းဦးစီးမှူးများက မိမိဒေသအလိုက် လုပ်ငန်းစီမံချက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ အထက်မြန်မာပြည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးသန်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(လယ်ယာ/ဆည်မြောင်း)**

ခုနစ်ရက်တရားစခန်း

မော်လမြိုင် မတ် ၁၅

မော်လမြိုင်မြို့ ရွှေတောင်ရပ် တောင်ရိုးတန်း ဓမ္မပဋိပတ်ရိပ်သာကြီးတွင် (၁၈)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ၁ရက်မှ ၇ရက်အထိကျင်းပမည်ဖြစ်သည်။ယင်းစခန်းပွဲ၌ မွန်ပြည်နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းနည်းပြနှင့် ပြည်နယ်သံဃနာယက(မူလဒွါရ)အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် နယ်လှည့်ဓမ္မကထိက လူမှုထူးချွန်(ပထမဆင့်)မော်လမြိုင် ဓမ္မရက္ခိတတောင်ဝိုင်းဆရာတော် ချင်းတွင်းအရှင်ကလျာဏတို့က ဟောကြားပြသမည်ဖြစ်ရာ ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသူများ ဧပြီ ၉ရက် မွန်းတည့်၁၂နာရီနှင့် တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၀ရက် ညနေ ၃နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် တာဝန်ရှိသူများ ဘားအံမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ၂၇ရက်က ပြည်နယ်မီးသတ် ဦးစီးမှူး ရဲကျော်သူမျိုးသန့်တို့ ဦးစီးသော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အဖွဲ့ပိုင် မီးသတ်ယာဉ်အသုံးပြုကာ လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။

(မြို့နယ်စည်ပင်)

ထူးချွန်သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ ဖျာပုံ၌ ကျင်းပ

ဖျာပုံ မတ် ၃

ဧရာဝတီတိုင်း ဖျာပုံခရိုင်တွင် နိုင်ငံတော်အဆင့်လူမှုထူးချွန်ဆု၊ စာပေထူးချွန်ဆုရှင်များနှင့် လေးမြို့နယ်မှထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၂နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ဂုဏ်ပြုချီးမြှင့်ပွဲတွင် အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံတော်အဆင့်လူမှုထူးချွန်ဆု၊ စာပေထူးချွန်ဆုရှင်များနှင့် လေးမြို့နယ် ရုံးဌာနမှ ထူးချွန်သည့် ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)



စစ်ဆေး

ဖေဖော်ဝါရီ ၉ရက်က ရွှေဘိုခရိုင်အတွင်းရှိ တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း လျှပ်စစ်မီးကြိုးများ သွယ်တန်းမှုနှင့် လုံခြုံရေး လျှပ်စစ်မီးလိုင်းများကို ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဆိပ်ဖြူမြို့တွင် အရန်မီးသတ်သင်တန်းဆင်းပွဲကျင်းပ

ဆိပ်ဖြူ မတ် ၂၅

ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် အရန်မီးသတ်သင်တန်း အမှတ်စဉ်(၃/၂၀၀၅) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၉နာရီက ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုးတင့်တို့က အမှာစကား ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် တစ်ဦးချင်း ဆုရရှိသူများ၊ အဖွဲ့လိုက်ဆုရရှိသူများနှင့် နည်းပြများအား မြို့နယ်ဥက္ကဋ္ဌက ဆုများပေးအပ်ချီးမြှင့်သည်။ ဆိပ်ဖြူမြို့နယ်တွင် အခြေခံမီးသတ်သင်တန်း(၁/၂၀၀၅)ကို လည်းကောင်း၊ (၂/၂၀၀၅)ကို ဇွန်းမကျေးရွာတွင်လည်းကောင်း သင်တန်းများဖွင့်လှစ်ခဲ့ရာ ဆိပ်ဖြူ မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၃၄၀ရှိပြီဖြစ်သည်။ **(သတင်းစဉ်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

မအူပင် မတ် ၁၂

မအူပင်မြို့နယ် လျှော်ရွေးလျှော်ထုပ်စက်ရုံနှင့် စက္ကူစက်ရုံ၏ မီးဘေး သတိမူရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်အရ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို မတ်၃ရက် နံနက်က မအူပင်မြို့ လျှော်ရွေးလျှော်ထုပ်စက်ရုံ၌ မအူပင်ခရိုင် မီးသတ်ဦးစီးမှူး ဦးအေးကြည်နှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြသရာ မအူပင်လျှော်ရွေးလျှော်ထုပ်စက်ရုံမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ စက္ကူ စက်ရုံမှူး ဦးကိုလေးနှင့် ဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ ပြုလုပ်ကြသည်။ **(၄၂၁)**

လှိုင်းဝှက်သောနှင်း ဇာတ်ကားသစ် ရန်ကုန်မြို့လယ်ရုံကြီးများတွင် ပြသမည်

ရန်ကုန် မတ် ၂၇

မြန်မာနှစ်ဆန်းတစ်ရက်တွင် အမှတ်တရအဖြစ် ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသည့် ‘လှိုင်းဝှက်သောနှင်း’ ဇာတ်ကားသစ် ရန်ကုန်မြို့လယ်ရုံကြီးများ၌ ရုံတင်ပြသမည်ဟု သိရသည်။ ထိုဇာတ်ကားတွင် ညွန့်ဝင်း၊ လွင်မိုး၊ လူမင်းနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ကြသည်။ ကချင်ပြည်နယ် ဖုန်ဂမ်ရာဇီ ရေခဲတောင်တွင် ခက်ခက်ခဲခဲ ရိုက်ကူးခဲ့ရသော ဇာတ်ကားဖြစ်သည်ဟု ဆိုသည်။

ညှို့လမ်းညွှန်အဖြစ် ဆောင်ရွက်နေသော ဥက္ကာ၏ ဖခင်သည် လွန်ခဲ့သော သုံးနှစ်ခန့်က ရေခဲတောင်များကြား၌ မတော်တဆ သေဆုံးသွားပြီဟု ယူဆရသည်။ ဖခင်၏ ပစ္စည်းအချို့သာ အိမ်သို့ ပြန်ရောက်လာသည်။ ဥက္ကာက ဖခင်ဖြစ်သူ ကွယ်လွန်ရာဒေသသို့ အရောက်သွား၍နေသည်။

ဖခင်ဦးပြည်သိမ်းမှာ ရှားပါးလိပ်ပြာမျိုးများကို သုတေသနပြုရန် ခါကာဘိုရာဇီ ရေခဲတောင်များဆီသို့ စွန့်စားသွားရောက်ခြင်းဖြစ်သည်။ ဥက္ကာက မိခင်ကို ခွင့်တောင်းပြီး ကချင်ပြည်နယ်သို့ သွားရောက်ခဲ့သည်။ ပူတာအိုအထက် ဧယျာဒွန်းရွာတွင် ဖခင်အား လမ်းပြလုပ်ပေးခဲ့သူ ဦးဖေရမ်ကို ရှာဖွေတွေ့ရှိပြီးနောက် မိမိဖခင် ရေခဲတောင်ပေါ်မှ ပြုတ်ကျပျောက်ကွယ်သွားသော နေရာသို့ လိုက်ပြရန် တောင်းဆိုသည်။ ဦးဖေရမ်က ထိုနေရာသို့သွား၍ ဘာမျှအကျိုးမရှိနိုင်တော့ကြောင်း နားချသည်။ ဥက္ကာက လက်မခံ။

နောက်ဆုံးတွင် ဦးဖေရမ်နှင့် သားဖြစ်သူတို့က ဥက္ကာကိုလိုက်ပို့ရန် လက်ခံသဘောတူကြပြီးနောက် ခရီးထွက်ခဲ့ကြသောအခါ မမျှော်လင့်သော ဖြစ်ရပ်များနှင့် သက်စွန့်ဆံဖျားရင်ဆိုင်ရပုံများကို ရိုက်ကူးပြသထားသည်။

‘လှိုင်းဝှက်သောနှင်း’ ဇာတ်ကားမှာ ဧပြီလတွင် စင်ကာပူရုပ်ရှင်ပြပွဲသို့ တင်ပြနိုင်သည်အထိ ရှားပါးထူးခြားသော မြန်မာရုပ်ရှင်ဇာတ်ကားအဖြစ် ဂုဏ်ယူရမည်ဖြစ်သလို ပူပြင်းသောနွေရာသီတွင် ရေခဲတောင်ဇာတ်ကားကို ကြည့်၍ အအေးဓာတ်၏ ကူးစက်မှုကို ထွေးပိုက်ခံစားနိုင်ကြမည်ဟု ယူဆရပေသည်။ ။

(မြန်မာ့အလင်း)

မောင်ဆွေထွန်း

လှိုင်းဝှက်သောနှင်း ဇာတ်ကားမှ လူမင်းနှင့်လွင်မိုးတို့၏လှုပ်ရှားဟန်။

စနေမောင်မောင် ရုံတင်ရန်စီစဉ်လျက်ရှိ

ရန်ကုန် မတ် ၂၇

လပ်ကီးဆဲဗင်း ရုပ်ရှင်မှ ဒါရိုက်တာ ခင်စောမျိုးက စာရေးဆရာ မင်းသိခ်ဝတ္ထုကို ရိုက်ကူးသည့် စနေမောင်မောင် ဇာတ်ကား ပြသခွင့်ရရှိ၍ ရုံတင်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ဇာတ်ကားတွင် ကျော်သူ၊ မင်းမော်ကွန်း၊ နေတိုးနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

သက်တန့်ရောင်အလွမ်း ဇာတ်ကားမှ နေတိုးနှင့်နန္ဒာလှိုင် တို့၏ သရုပ်ဆောင်ဟန်။

ထားဝယ် ရုပ်ရှင် မှ ရိုက်ကူးပြီးစီး၍ ရုံတင်မည့် မာလိန်မှူး ထူးစိန် ဇာတ်ကားမှ ညွန့်ဝင်း၏ အမူအရာ။

သက်တန့်ရောင် အလွမ်း

ရန်ကုန် မတ် ၂၇

လူငယ်ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ ရိုက်ကူး၍ ကျော်သူ၊ ကျော်ရဲအောင်၊ ရဲအောင်၊ နေတိုး၊ နန္ဒာလှိုင်နှင့် စိုးမိုးကြည်တို့ ပါဝင်သရုပ်ဆောင်ကြသည့် **သက်တန့်ရောင်အလွမ်း** ဇာတ်ကား ဧပြီ၁ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားသည်။ နဝဒေး၊ စံပြ၊ ရွှေမန်း၊ သီတာနှင့် မြရတနာရုံများ၌ ပြသမည် ဖြစ်သည်။

ထိုဇာတ်ကားမှာ အတ္တနှင့် မာန်မာနတရားတို့သည် ကောင်းကျိုးမပေးပုံ၊ သူတစ်ပါးအပေါ် မကောင်းကြံလျှင် မိမိသာခံရပုံများကို သင်ခန်းစာပေး ရိုက်ကူးပြသထားသည်။ အထက်အညာဒေသ မြန်မာ့ရိုးရာဓလေ့ သနပ်ခါးပါးတို့ပွဲကို လှပစွာ ထည့်သွင်းရိုက်ကူးထားသော ကြီးမားခိုင်ခံ့သည့် ဓာတ်အိမ်ဓာတ်လမ်းဖြစ်သည်။ **(မြန်မာ့အလင်း)**

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းမြွက်ကြား စစ်ကြောင်းကြီးကိုးကြောင်း ချီတက်အလေးပြု တပ်မတော်နေ့မိန့်ခွန်းနာခံ

ရန်ကုန် မတ် ၂၇

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေးဟူသည့် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံ၌ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနား၌ တပ်ကိုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

တပ်မတော်အစိုးရနဲ့ ပြည်သူ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်ကိုဝိုင်းဝန်းတည်ဆောက်၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိရိုသေတဲ့ တပ်မတော်ဟာ နိုင်ငံတော်အကျိုးကို စိတ်ကောင်းစေတနာကောင်းနဲ့ သယ်ပိုးထမ်းရွက်နေတာပဲ ဖြစ်တယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်နေကြတာကြောင့် နိုင်ငံတော်ဟာ ယနေ့ကာလမှာ ကန့်သတ်ပိတ်ပင် ထိုးနှက်မှုပေါင်းစုံအကြားကပင်လျှင် တိုးတက်မှုကို ရရှိနေကြပြီဖြစ်တယ်။ ဒါကြောင့်လဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် အကောင်းမြင်နိုင်ငံတွေကပါ မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို လက်ခံလာကြတယ်။ ဒါဟာဆိုရင် ဒို့တပ်မတော်အနေနဲ့ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို စွဲစွဲမြဲမြဲသယ်ပိုးရင်း ပြည်သူနဲ့ လက်တွဲပြီး နိုင်ငံ့တာဝန်ကို စေတနာမှန်ကန်စွာ ကြိုးပမ်းထမ်းဆောင်ကြလို့ပဲဖြစ်တယ်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

28-3 (20).p65 1 3/24/05, 7:20 PM